မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၅ ရက်၊ ၂၀၀၇ ခုနှစ်၊ မတ် ၂၂ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၇၃)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံရေးစွမ်းအားနဲ့ စီးပွားရေးစွမ်းအားမြင့်မားရေး တပ်မတော်က ပါဝင်ကူညီဆောင်ရွက်

နိုင်ငံတော်မှာ ပြည့်စုံမြင့်မားရမယ့် နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအားနဲ့ ကာကွယ်ရေး စွမ်းအားဆိုတဲ့ စွမ်းအားသုံးရပ်အနက် ကာကွယ်ရေးစွမ်းအား မြင့်မားရေးဟာ တပ်မတော်ရဲ့ အဓိကတာဝန်ဖြစ်သလို နိုင်ငံသားတိုင်းရဲ့ တာဝန်လဲဖြစ်တယ်။ နိုင်ငံရေး စွမ်းအားနဲ့ စီးပွားရေးစွမ်းအား မြင့်မားရေးအတွက်လဲ မျိုးချစ်တပ်မတော်ပီပီ တပ်မတော်က ပါဝင်ကူညီဆောင်ရွက်ကြရမှာဖြစ်တယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၆၁)နှစ်မြောက် တပ်မတော်နေ့မိန့်ခွန်းမှ–

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ကျူမာလီ၊ဆိုင်ညဆွန်နှင့်ဇနီး မဒမ်ကီရော့ဆိုင်ကြိုင်၊ ဆိုင်ညဆွန် တို့အား နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်

နေပြည်တော် မတ် ၂၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့၏ ဖိတ်ကြားချက် အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ကျူမာလီ၊ ဆိုင်ညဆွန်နှင့် ဇနီး မဒမ်ကီရော့ဆိုင်ကြိုင်၊ ဆိုင်ညဆွန်တို့သည် ယနေ့နံနက်ပိုင်းတွင် အထူး လေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိလာကြသည်။

ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ကျူမာလီ၊ ဆိုင်ညဆွန်နှင့် ဇနီး မဒမ်ကီရော့ဆိုင်ကြိုင်၊ ဆိုင်ညဆွန်တို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ *စာမျက်နှာ ၃ ကော်လံ ၁* ●

စာမျက်နှာ ၃ ကော်လံ ၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ကျူမာလီ၊ ဆိုင်ညဆွန်နှင့် ဇနီးတို့အား နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၇ခုနှစ်၊ မတ်လ ၂၂ ရက်)

အခြေခံကောင်းများကို အကျိုးရှိစွာ အသုံးချ လူမှုစီးပွားဘဝမြင့်မားရေး ကြိုးပမ်းအားထုတ်

ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့်လမ်းများကို ပိုမိုကောင်းမွန်စေရန် အဆင့်မြှင့်တင်ပြီး လမ်းသစ်များကို တိုးချဲ့ဖောက်လုပ်လျက်ရှိသကဲ့သို့ လိုအပ်သည့်နေရာများတွင် တံတားသစ်များ တည်ဆောက်လျက် ရှိသည်။

ဧရာဝတီတိုင်းအတွင်း ဒေးဒရဲမြို့နယ်နှင့်ဖျာပုံမြို့နယ်တို့ကို ဆက်သွယ်တည်ဆောက်ထားသည့် ဖျာပုံတံတားသစ်ကို မတ်လ ၂၀ရက်နေ့က ဖွင့်လှစ်ခဲ့သည်။ တံတားအရှည် ၃၉၃၃ပေရှိသည့် နှစ်လမ်းသွား သံမဏိသံပေါင် တံတားဖြစ်ပြီး တန်ချိန် ၃၆တန် ဝန်လေးယာဉ်များ ဖြတ်သန်းသွားလာနိုင်မည် ဖြစ်သည်။ အဆိုပါ တံတားသည် နိုင်ငံတစ်ဝန်း တည်ဆောက် ဖွင့်လှစ်ခဲ့သော ပေ ၁၈၀အထက် ကားလမ်းတံတားပေါင်း ၂၂၃စင်းမြောက် တံတားဖြစ်သည်။

ဖျာပုံတံတားသည် မော်လမြိုင်ကျွန်း၊ ဘိုကလေး၊ ဖျာပုံမြို့နယ်များအတွက် ထွက်ပေါက်တစ်ခုဖြစ်ပြီး ဒေးဒရဲ-ကွမ်းခြံကုန်းလမ်းနှင့် ချိတ်ဆက်မိသဖြင့် ကျိုက်လတ်၊ မြို့ကုန်း၊ ဆိပ်မ၊ နောင်မီး၊ အမာစသည့် ပင်လယ်ပိုင်းဒေသများ ခရီးလမ်းပန်း ပိုမိုပွင့်လန်းသွားမည့် အရေးပါသော တံတားတစ်စင်းဖြစ်သည်။

ထို့ပြင် ရန်ကုန်-ညောင်တုန်း-မအူပင်-ကျိုက်လတ်-ဖျာပုံ-ဒေးဒရဲ-ကွမ်းခြံကုန်း-ဒလတို့ကို ကွန်ရက်ပတ်လမ်းသဖွယ် ဖြစ်ပေါ်စေမည်ဖြစ်၍ ကုန်စည်စီးဆင်းမှုနှင့် ကူးသန်းရောင်းဝယ်မှု ပိုမိုဖြစ်ထွန်းလာမည် ဖြစ်သည်။

နိုင်ငံအနှံ့ ဖြန့်ကြက်တည်ဆောက်ပေးခဲ့သည့် မြစ်ကူးတံတားကြီးများက ပြည်သူများ၏ အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် နိုင်ငံတော်က စေတနာထား ကြိုးပမ်းဆောင်ရွက်နေသည်ကို ဖော်ညွှန်း ပြဆိုနေပေသည်။

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည်နှင့်အမျှ ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ မြှင့်တင်ပေးနိုင်မည်ဖြစ်ရာ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးတို့ ပိုမိုဖွံ့ဖြိုးတိုးတက်မှုကို အကျိုးပြုမည် ဖြစ်သည်။

ဧရာဝတီတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများကို ခိုင်မာသည့်စီးပွားရေးလုပ်ငန်း ဖြစ်လာစေရန်အတွက် နိုင်ငံတော်က အားပေးမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းတို့တွင် ဘက်စုံဖွံ့ဖြိုးသည့် တိုင်းတစ်တိုင်းအဖြစ် ရပ်တည်နိုင်ပြီဖြစ်၍ အရှိန်အဟုန်မပျက် ဆက်လက်တိုးတက် ဖြစ်ထွန်းနေရေး ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ဖျာပုံတံတားအပါအဝင် ဒေသတွင်းဖြစ်ထွန်းနေသည့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို ထိထိရောက်ရောက် အကျိုးရှိစွာအသုံးချပြီး ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရေး ဆက်လက်ကြိုးပမ်း အားထုတ်သွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဗီယက်နမ်နှင့် ကမ္ဘောဒီးယား နယ်စပ်ဂိတ်များ အဆင့်တိုးမြှင့်ဖွင့်လှစ်မည်

ဟန္နွိုင်း မတ် ၂၁

ကမ္ဘောဒီးယားနိုင်ငံနှင့်အတူ နယ်စပ်ဂိတ်သုံးခု အဆင့်တိုးမြှင့်ဖွင့်လှစ်ရန် ဆုံးဖြတ်လိုက်ကြောင်း ဗီယက်နမ် ပြည်တွင်းသတင်းစာဖြစ်သည့် အလုပ်သမားသတင်းစာက မတ် ၁၉ ရက်၌ ဖော်ပြသည်။

ဗီယက်နမ်နယ်စပ်ရှိ ဂီရာလီပြည်နယ် ကုန်းမြင့်အလယ်ပိုင်းရှိ နယ်စပ်၊ ဗီယက်နမ်တောင်ပိုင်းပြည်နယ် နှစ်ခုဖြစ်သည့် ကင်ဂန်ဒေါင်သက်တို့တွင် နယ်စပ်ဂိတ်များ ပြုလုပ်သွားမည် ဖြစ်သည်။

ဗီယက်နမ်နိုင်ငံ ကင်ဂန်၊ လောင်အင်နှင့် ဒါလက်ပြည်နယ်များတွင် နယ်စပ် ဂိတ်လေးများကိုလည်း အဆင့်မြှင့်တင် ဖွင့်လှစ်သွားရန်လည်း ဗီယက်နမ် အစိုးရက ဆုံးဖြတ်ခဲ့သည်။

တိုးတက်ခဲ့

ဗီယက်နမ်နိုင်ငံ၏ မြို့ပေါင်း ၆၄ မြို့မှ ၁၀မြို့နှင့် ကမ္ဘောဒီးယား နယ်စပ်ဒေသကိုးခုတို့ကို ဆက်စပ်သွားလာနိုင်မည့် နယ်စပ်ဂိတ်များဖြစ်သည်။ ဗီယက်နမ်နှင့် ကမ္ဘောဒီးယား နှစ်နိုင်ငံတို့သည် ၂၀၀၆ ခုနှစ်က ကုန်သွယ်မှုတွင် အမေရိကန် ဒေါ်လာသန်း ၉၀၀ အထိ တိုးတက်ခဲ့သည်။

မျှော်မှန်း

ထိုသို့ တိုးတက်မှုမှာ ၁၉၉၈ ခုနှစ်က အမေရိကန်ဒေါ်လာ ၁၁၇ သန်းမှ တဖြည်းဖြည်း တိုးတက်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၀ ပြည့်နှစ်၌ နှစ်နိုင်ငံကုန်သွယ်မှု အမေရိကန်ဒေါ်လာ နှစ်ဘီလီယံ အထိရောက်ရှိလာမည်ဟု မျှော်မှန်းထားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဘုရားဖူး မွေ့သဘင်

ရန်ကုန် မတ် ၂၁

ရန်ကုန်တိုင်းလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းက ကြီးမှူးကျင်းပသော (၇၅)ကြိမ်မြောက် စိန်ရတုစာတော်ပြန်ပွဲ ဆုနှင်းသဘင်အောင်ပွဲအဖြစ် မတ် ၂၄ ရက် (စနေနေ့)တွင် ရွှေလီအရှင်နန္ဒမာလာက လည်းကောင်း၊ ၂၅ ရက် (တနင်္ဂနွေနေ့)တွင် အင်္ဂပူ အရှင်စက္ကိန္ဒက လည်းကောင်း၊ ၂၆ရက် (တနင်္လာနေ့)တွင် ယောဆရာတော် အရှင်သိရိန္ဒာဘိဝံသက လည်းကောင်း ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက် အတွင်း၌ တရားတော်များ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မြဝတီရုပ်မြင်သံကြား

၂၂-၃-၂၀၀၇
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄း၁၅	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၅	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၂၅	၇။	မြန်မာသံစဉ်ချိုနှားဝင်
၅း၃၀	၈။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၅း၃၅	၉။	ဟဒယရွှင်လန်း အငြိမ့်ခန်း
၅း၄၀	၁၀။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	မိုးလေဝသသတင်း
၆း၃၀	၁၄။	လျှပ်တစ်ပြက်
၆း၃၅	၁၅။	လှုပ်လှုပ်ရှားရှား ပုံရိပ်များ
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံစဉ်မဲ့မေတ္တာ** (အပိုင်း-၁၉)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မိုးနဂါးသိုင်းရှစ်ကွက်** (အပိုင်း-၁၅)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

လူအရေအတွက် အများဆုံး လေထီး အလွတ်ခုန်မှု



လူအရေအတွက် အများဆုံး လေထီး အလွတ်ခုန်မှု တစ်ရပ်ကို တွေ့ရစဉ်။ (ယာပုံ)

ထိုင်းနိုင်ငံ ပရာချွတ်ခီရီခမ် ပြည်နယ်ရှိ ဂေါက်ကွင်းတစ်ခုပေါ်သို့ လေထီးအလွတ်ခုန်သမား ၉၈ဦးတို့က ထိုင်းဘုရင်၏ အသက် (၈၀)ပြည့် အထိမ်းအမှတ်အဖြစ် စုပေါင်းကာ တစ်စုတစ်စည်းတည်း လေထီး အလွတ်ခုန်ခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**



အသေးငယ်ဆုံး ရုပ်မြင်သံကြားစက်

အသေးငယ်ဆုံး ဆိုနီရုပ်မြင်သံကြားစက်လေး တစ်ခုကို ပြသနေစဉ်။ (ဝဲပုံ)

ဂျပန်နိုင်ငံ ဆိုနီကုမ္ပဏီမှ တီထွင်ထုတ်လုပ်လိုက်သော ရုပ်မြင်သံကြားစက်လေးသည် အရှည် ၉၈ ဒသမ ၃ မီလီမီတာ၊ အနံ၆၁မီလီမီတာနှင့် အမြင့် ၁၅ဒသမ၁မီလီမီတာရှိပြီး အလေးချိန် ဂရမ်၁၁၀ ရှိသည်။ ၎င်း ရုပ်မြင်သံကြားစက်လေးမှာ အိတ်ကပ်အတွင်း၌ ထည့်ယူသွား၍ရကြောင်း သိရသည်။

(အင်တာနက်)

22-3 (02) 1 3/22/07, 2:06 PM

● ရှေ့ဖုံးမှ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးညွန့်လှိုင်နှင့်ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ကွေလီ၊ အေ၊ ဆူဖာခက်နှင့် ဇနီးနှင့် သံရုံးအဖွဲ့ဝင်များ၊ သံရုံးမိသားစုဝင်များက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ခရီးဦးကြိုဆို

ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ကျူမာလီ၊ ဆိုင်ညဆွန်နှင့် ဇနီး မဒမ် ကီရော့ဆိုင်ကြိုင်၊ ဆိုင်ညဆွန်တို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား သယ်ဆောင်ပျံသန်းလာသော အထူးလေယာဉ်သည် နံနက် ၁၁ နာရီတွင် နေပြည်တော်လေဆိပ်သို့ ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ကွေလီ၊ အေ၊ ဆူဖာခက်တို့က အထူးလေယာဉ်ပေါ်သို့ တက်ရောက်၍ ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ကျူမာလီ၊ ဆိုင်ညဆွန်နှင့် ဇနီး မဒမ်ကီရော့ဆိုင်ကြိုင်၊ ဆိုင်ညဆွန်တို့အား ခရီးဦးကြိုဆို နှုတ်ဆက်ကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ကျူမာလီ၊ ဆိုင်ညဆွန်တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်းစဉ်)

ယင်းနောက် ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ကျူမာလီ၊ ဆိုင်ညဆွန်နှင့်ဇနီး မဒမ် ကီရော့ဆိုင်ကြိုင်၊ ဆိုင်ညဆွန်တို့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က အထူးလေယာဉ်လှေကားထိပ်တွင် ဆီးကြိုနှုတ်ဆက်ကြသည်။

အလေးပြုခြင်းခံယူ

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာကျူမာလီ၊ ဆိုင်ညဆွန်တို့သည် နေပြည်တော်လေဆိပ်ရှိ အလေးပြုခံစင်မြင့်သို့ သွားရောက်ကြကာ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားသီချင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အမျိုးသားသီချင်းတို့ကို တီးမှုတ်သည်။

ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

ဆက်လက်၍ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ကျူမာလီ၊ ဆိုင်ညဆွန်နှင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ယင်းနောက် ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာကျူမာလီ၊ ဆိုင်ညဆွန်သည် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား မိမိနှင့်အတူလိုက်ပါလာကြသည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ကျူမာလီ၊ ဆိုင်ညဆွန်နှင့်ဇနီး မဒမ်ကီရော့ဆိုင်ကြိုင်၊ ဆိုင်ညဆွန်တို့သည် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်တို့နှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ပို့ဆောင်နှုတ်ဆက်

ယင်းနောက် ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာကျူမာလီ၊ဆိုင်ညဆွန်နှင့်ဇနီး မဒမ်ကီရော့ဆိုင်ကြိုင်၊ ဆိုင်ညဆွန်တို့ခေါင်းဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ခေတ္တတည်းခိုမည့် နေပြည်တော်ဟိုတယ်ဇုန်သို့ ထွက်ခွာကြရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါလာ

ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာကျူမာလီ၊ ဆိုင်ညဆွန်နှင့်ဇနီး မဒမ်ကီရော့ဆိုင်ကြိုင်၊ ဆိုင်ညဆွန်တို့နှင့်အတူ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာထောင်းလွန်း၊ ဆီဆုလစ်နှင့် ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ လိုက်ပါလာကြသည်။

ဂုဏ်ပြုကြိုဆို

ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ကျူမာလီ၊ ဆိုင်ညဆွန်နှင့်ဇနီး မဒမ်ကီရော့ဆိုင်ကြိုင်၊ ဆိုင်ညဆွန်တို့ ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ကြိုဆိုရာတွင် နေပြည်တော်လေဆိပ်၊ နေပြည်တော်ဟိုတယ်ဇုန်တို့၌ နှစ်နိုင်ငံ ခေါင်းဆောင် ဓာတ်ပုံများနှင့် **“လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ကျူမာလီ၊ ဆိုင်ညဆွန်နှင့်ဇနီး မဒမ်ကီရော့ဆိုင်ကြိုင်၊ ဆိုင်ညဆွန်တို့အား**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ကျူမာလီ၊ ဆိုင်ညဆွန်တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။ (သတင်းစဉ်)

ထို့နောက် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ကျူမာလီ၊ ဆိုင်ညဆွန်နှင့် ဇနီး မဒမ်ကီရော့ဆိုင်ကြိုင်၊ ဆိုင်ညဆွန်တို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီး၏ ဇနီး Mrs. Pinkeo A.Souphakhet က ဂုဏ်ပြုပန်းစည်း ပေးအပ်၍ ဂါရဝပြုကြိုဆိုသည်။

လှိုက်လှဲစွာ ကြိုဆိုပါ၏” ဟူသော စာတန်းကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် လည်းကောင်း၊ နေပြည်တော် လေဆိပ်ဝန်းကျင်၊ နေပြည်တော် လေဆိပ်အထွက် အဝိုင်း၊သပြေကုန်း အဝိုင်းနှင့် ကြာပန်း အဝိုင်းတို့၌ လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံအလံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံများကို လွှင့်ထူ၍ လည်းကောင်း ဂုဏ်ပြုကြိုဆိုထားသည်။ **(သတင်းစဉ်)**

✱ ကျောဖုံးမှ

ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ကျူမာလီ၊ ဆိုင်ညဆွန်နှင့်အတူ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာထောင်းလွန်း၊ ဆီဆုလစ်၊ သမ္မတရုံးဝန်ကြီး မစ္စတာ ဆုဘန်၊ ဆီထိရတ်၊ စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ မစ္စတာ ဆုလိဖောင်း၊ ဒါရာဖောင်း၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီး ဒေါက်တာနာမ်း၊ ဗီညာခက်၊ ဆက်သွယ်ရေး၊ ပို့ဆောင်ရေး၊ စာတိုက်နှင့် ဆောက်လုပ်ရေးဝန်ကြီး မစ္စတာ သိမ်မတ်၊ ဖိုဆီနာ၊ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီး မစ္စတာဆီသာဟိန်း၊ ရပ်စ်ဖောင်း၊ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန စစ်ဦးစီးဌာနကြီးမှူး ဗိုလ်မှူးချုပ်ကင်ခန်မ်၊ ဆိုင်လာထောင်းန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွေလီ၊ အေ၊ ဆူဖာခက်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ခင်မင်ရင်းနှီးစွာဆွေးနွေး

ယင်းသို့တွေ့ဆုံရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာဆွေးနွေးကြသည်။

(သတင်းစဉ်)

(၆၂)နှစ်မြောက် တပ်မတော်နေ့ အကြိုဂုဏ်ပြုဆောင်းပါး

ဦးဆောင်တပ်မတော် ပုံဖော်ထုဆစ် နိုင်ငံသစ်

ရတနာစည်ဆရာတော်
(လှိုင်လင်)

တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်

(က)

မြန်မာနိုင်ငံ သမိုင်းအရသော်လည်းကောင်း၊ ပစ္စက္ခအနေအထား အရသော်လည်းကောင်း ပြည်သူများအပေါ် အတွင်းရန်၊ အပြင်ရန်၊ ဘေးရန် အန္တရာယ်များ မကျရောက်ရအောင် စောင့်ရှောက်ကာကွယ်လျက်ရှိသော မျိုးချစ်အင်အားစုကြီးမှာ တပ်မတော်သာဖြစ်ကြောင်း အထင်အရှား တွေ့မြင်ရပေ၏။

လွတ်လပ်ရေး အကြိုကာလတစ်လျှောက် နယ်ချဲ့ ဆန့်ကျင်ရေးနှင့် ဖက်ဆစ် တော်လှန်ရေးခရီးဝယ် တပ်မတော်က ဦးဆောင်၍ ပြည်သူများ၏ တစ်ခဲနက် စည်းလုံးညီညွတ်မှုနှင့်အတူ ချီတက်နိုင်ခြင်းဖြင့် လွတ်လပ်ရေးပန်းတိုင်ကို မိမိရရ ဆွတ်ခူးနိုင်ခဲ့ပြီ။ တစ်ဖန် လွတ်လပ်ရေးနှင့်အတူ နယ်ချဲ့စနက်ကြောင့် ပေါ်ထွက်လာသည့် လက်နက်ကိုင် ဆန့်ကျင်မှု အမျိုးမျိုးကို အကြောင်းပြုကာ ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ဥစ္စာတို့အပေါ် ကျရောက်လာသည့် အန္တရာယ်အပေါင်းကိုလည်း ထောင်းထောင်းညက်ကြေ ကြေပျက်စေခဲ့သော သက်သေသာဓကများစွာ မော်ကွန်းတင်နိုင်ခဲ့ပြီ။

အထူးသဖြင့် နိုင်ငံတော်ပြိုကွဲမည့် အကြီးမားဆုံးသော အန္တရာယ်ကြီးများနှင့် ရင်ဆိုင်ရသည့် အချိန်မျိုးဝယ် တပ်မတော်ကပင် ဦးဆောင်ကာကွယ်ပေးခဲ့ရသည့်သာဓကတို့လည်း မြန်မာ့သမိုင်းမှာ ကြုံခဲ့ဆုံခဲ့ကြဖူးပြီ။ ယင်းတို့တွင် ၁၉၈၈အရေးအခင်းသည်ကား မကြုံဘူးလောက်အောင် အကြီးမားဆုံးနှင့် အကြမ်းတမ်းဆုံး ဖြစ်ခဲ့ရာ ယင်း အန္တရာယ်ကြီးကိုလည်း တပ်မတော်ကပင် ဦးဆောင်ကာကွယ်ပေးခဲ့ပါသည်။

(ခ)

တပ်မတော်က ဦးဆောင်ကာကွယ်ပေးခဲ့ရသည့် ယင်း ၈၈အန္တရာယ်သည် အဘယ်မျှကြမ်းတမ်းစူးရှခဲ့သနည်းဆိုလျှင် ခံခဲ့ရသူပြည်သူများအနေဖြင့် နားနှင့်မျှ မကြားချင်တော့လောက်အောင် စက်ဆုပ်ရွံရှာနေသည်အထိ ဖြစ်လျက်ရှိ၏။ ပြည်ဖုံးကားချ လုံးဝမေ့ပစ်ချင်သည်အထိ ဖြစ်လျက် ဖြစ်ဆဲရှိ၏။

သို့သော် အတိတ်ဟူတိုင်း မေ့ပစ်စကောင်းသော အရာမဟုတ်။ အတိတ်ကို သင်ခန်းစာယူရန်နှင့် အတိတ်ဆိုးများ တစ်ကျော့ပြန် ခေါင်းထောင်ထမလာရန် ကြောင်းကျိုးဆီလျော်စွာ အတိတ်ကို သုံးသပ်နေအပ်သည်သာဖြစ်၏။ ညအိပ်ရာဝင်သည်နှင့် တစ်ပြိုင်နက် အတိတ်ဖြစ်သွားသော နံနက်၊ နေလယ်နှင့် ညနေ (တစ်နေ့တာဝယ်) မိမိ ဘာကောင်းမှုပြုမိ၍ ဘာမကောင်းမှုပြုမိသည်ကို ဆင်ခြင်ခြင်း၊ သင်ခန်းစာယူခြင်းဖြင့် မနက်ဖြန်ကို တည်ဆောက်တတ်သူသည်သာ အနာဂတ်အလင်းအတွင်း ချင်းနင်းဝင်ရောက်သွားနိုင်မည် မဟုတ်ပါလား။ နိုင်ငံသမိုင်းနှင့် စပ်လျဉ်း၍လည်း အတိတ်ကို သင်ခန်းစာယူကာ ပစ္စုပ္ပန် အနေအထားကို ဆင်ခြင်ရင်း အနာဂတ်ကို မျှော်မြင်နိုင်သော နိုင်ငံသားကောင်းများဖြစ်လာဖို့ အတိတ်ကို သုံးသပ်တတ်၊ သင်ခန်းစာရယူတတ်ကြရမည် မဟုတ်ပါလား။

ယင်းအမြင်ဖြင့် ရှစ်လေးလုံးကာလဆီ သမင်လည်ပြန် ကြည့်ကြပါဦးမည်။

(ဂ)

သမင်လည်ပြန်ကြည့်သော် ရှစ်လေးလုံးဝန်းကျင်ကာလ မျက်နှာပြင်သည် သုံးဘက်မြင်ဖြစ်ကြောင်း တွေ့ရ၏။ တစ်ဖက်မှာထိုစဉ်က လမ်းစဉ်ပါတီအစိုးရဖြစ်၍ နောက်တစ်ဖက်မှာ အကြမ်းဖက်ဆူပူသူများဖြစ်ပြီး အခြားတစ်ဖက်မှာ တပ်မတော်ဖြစ်၏။

လမ်းစဉ်ပါတီအစိုးရ၏ သမ္မတ ဒေါက်တာမောင်မောင်က စစ်ဥပဒေကို ရုပ်သိမ်းပေးလိုက်သည်နှင့်တစ်ပြိုင်နက် တစ်ဖက်မှ အနေအထားသည် ပိုမိုအုံကြွလာကာ တစ်နိုင်ငံလုံး အုန်းအုန်းကျွက်ကျွက် ဆူဆူပူပူ နေတူမီးတူဖြစ်လာ၏။ ယင်းဆန္ဒပြဆူပူအုံကြွ အကြမ်းဖက်သူများ မျက်နှာပြင်မှာ ယခင်ပါလီမန် ခေတ်ခေါင်းဆောင်အချို့၊ ယခင်တပ်မတော်တွင် တာဝန်ကြီးများယူခဲ့ကာ တပ်မတော်မှ ထွက်ပြီးသူအချို့ မိသားစုကိစ္စဖြင့် နိုင်ငံခြားမှ ခေတ္တရောက်လာသူတို့က ခေါင်းဆောင်နေရာ ဝင်ယူကြလျက် သူတို့ခေါင်းဆောင်အချင်းချင်းပင် ညီညွတ်မှု မရှိကြသည့်အပြင် ဆူပူအကြမ်းဖက်မှုများကိုလည်း နိုင်နင်းအောင် ထိန်းကွပ်နိုင်မှုမရှိဘဲ ပရမ်းပတာဖြစ်နေပုံ တွေ့မြင်ရ၏။ အခြား မျက်နှာပြင်တစ်ခုဖြစ်သော တပ်မတော်မှာမူ ထိုစဉ်က မည်သည့်ပါတီနှင့်မျှ ဆက်စပ်ပတ်သက်မှု မရှိတော့ဘဲ လွတ်လပ်စွာနှင့် တည်ငြိမ်စွာ ရပ်တည်နေပုံ တွေ့မြင်ရ၏။

ဆန္ဒပြဆူပူအုံကြွသူတို့ဘက်မှ ၁၉၈၈ ဩဂုတ်လ ၂၈ရက်တွင် ဖွဲ့စည်းခဲ့သော ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့ နာယကဦးနုက စက်တင်ဘာ ၉ရက်၌ သူသာလျှင် တရားဝင်ဝန်ကြီးချုပ်ဖြစ်ကြောင်း ကြေညာကာ စင်ပြိုင်အစိုးရ ဖွဲ့စည်းမှု၊ ဗကပ ဗဟိုကော်မတီက စက်တင်ဘာ၁၃ရက်၌ လမ်းစဉ်ပါတီအစိုးရ လုံးဝဖျက်သိမ်းပေးရေး တောင်းဆိုမှု၊ တစ်ပါတည်း အခြားပါတီအဖွဲ့များက ကြားဖြတ်အစိုးရဖွဲ့ရေး တောင်းဆိုမှုများဖြင့် တောင်းပွဲ၏ တစာစာ တောင်းသံများ နိုင်ငံအဝန်းနားမဆံ့ဖြစ်ခဲ့ပြီ အဆိုးဆုံးမှာ အစိုးရဘက်လည်း မပါ၊ ဆန္ဒပြဘက်လည်း မပါဘဲ တည့်တည့်မတ်မတ် တည်ရှိနေသော တပ်မတော်ကို ထင်ထင်ပေါ်ပေါ် ဖြိုခွဲသော အပြော၊ အပြုများ ဖြစ်လာခဲ့သည်။

စက်တင်ဘာ ၁၃ ရက် ရက်စွဲဖြင့် တပ်မတော်(လေ)နှင့် (ရေ)တို့၏ ဒုဦးစီးချုပ် လက်မှတ်တုများဖြင့် လက်ရှိအစိုးရအဖွဲ့ ဖျက်သိမ်း၍ ကြားဖြတ်အစိုးရ ဖွဲ့စည်းပေးရန် တောင်းဆိုချက် (အတုအယောင်) ထွက်ပေါ်လာမှု၊ ရေတပ်မှ အမြောက်နှင့် ပစ်ခတ်၍ လေတပ်က ဗုံးကြဲတိုက်ခိုက်တော့မည်ဟူသော ကောလာဟလများပျံ့လွင့်မှု၊ တည့်မတ်စွာ ရပ်တည်လျက်ရှိသော တပ်မတော်နှင့်စပ်လျဉ်း၍ မဟုတ်မမှန် လုပ်ကြံသတင်းများထုတ်လွှင့်မှု စသည်တို့ဖြင့် တပ်မတော်ကိုဖြိုခွဲမည့် အကြံ၊အပြော၊အပြုများ ထင်ရှားစွာ ဖြစ်ပေါ်လာခဲ့သည်။

ယင်းနှင့် တစ်ပြိုင်တည်း ပါးစပ်မှ အော်ရုံဖြင့် အားမရတော့ဘဲ အငြိုးအတေးများ၊ လုပ်ကြံဇာတ်လမ်းဖန်တီးချက်များဖြင့် လမ်းမကြီးပေါ် လူလယ်ကောင် နေ့ခင်းကြောင်တောင် ခေါင်းဖြတ် လူသတ်ပြနေသည်အထိ ရက်စက်ကြမ်းကြုတ်လာမှု၊ နေရာတကာ အကြမ်းဖက် ရိုင်းစိုင်းယုတ်မာလာမှု၊ အငြိုးအတေး ရှိသူများအပေါ် လူအုပ်အင်အားဖြင့် မိုက်ရိုင်းပျမှု၊ အိုးအိမ်များ ဖျက်ဆီးမှုသာမက စက်ရုံ၊အလုပ်ရုံများကိုပါ လူအုပ်ဖြင့် ဖျက်ဆီးလာမှု၊ ရဲစခန်းများသို့ လူအုပ်အင်အားဖြင့် အတင်းဝင်ရောက်ကာ အကြမ်းဖက်မှု၊ ပြည်သူပိုင်ပစ္စည်းများကို နေ့ခင်းကြောင်တောင်၌ပင် သယ်ထုတ်ခိုးယူမှုများကြောင့် သူခိုးဈေးပေါ်ထွက်လာမှု စသောအနိဋ္ဌာရုံများဖြင့် တစ်နိုင်ငံလုံးရှိ ပြည်သူများမှာ နေ့ရောညပါ ကျီးလန့်စာစား ထိတ်လန့်တကြားကြောက်လန့် ခံစားနေကြရတော့၏။

သို့ဖြင့်---

- **လမ်းစဉ်ပါတီအစိုးရ၏ ယန္တရားစုံ ပြိုဆင်းသွားခြင်း၊**
- **ဆန္ဒပြဆူပူသူများ အတင့်ပိုရဲစွာ အကြမ်းဖက်လာခြင်း၊**
- **တပ်မတော်သည် တည်တည် ငြိမ်ငြိမ် ရပ်တည်ကာ တပ်မတော်ကို မဖြိုခွဲရန်သာ နိုင်ငံအဝန်း မေတ္တာရပ်ခံလျက် ရှိသကဲ့သို့ နယ်စပ်ဒေသတွင် ပိုမိုအတင့်ရဲလာသည့် လက်နက်ကိုင် သောင်းကျန်းသူများနှင့် ထိတွေ့နေရမှုအပေါ်၌ အာရုံစူးစိုက်နေရခြင်းတို့သည် သုံးဖက်မြင် အနေအထားတို့ပင် ဖြစ်တော့၏။**

ယင်းအနေအထား၌ တပ်မတော်၏ တည်ငြိမ်စွာ ရပ်တည်နေမှုအပေါ် အတင့်ရဲလာကြသူများ၊ တပ်မတော်ပြိုကွဲအောင်ရော နိုင်ငံတော်ပြိုကွဲအောင်ပါ ပက်ပက်စက်စက် ကြံစည်၊ ပြောဆို၊ ပြုလုပ်လာကြသူများ၏ အကြမ်းဖက်မှုများကို ဤကာလအတွင်း ဤသို့ တွေ့မြင်ရ၏။

၁၉၈၈ စက်တင်ဘာ ၁၆ ရက် မွန်းတည့် ၁၂ နာရီက ရန်ကုန်မြို့ တိရစ္ဆာန်ရုံထောင့် မြေကွက်လပ်၌ တပ်မတော်ခေါင်းဆောင်များကို ပြောင်ပြောင်တင်းတင်း ဆဲရေးတိုင်းထွာ စိန်ခေါ်ကြခြင်း၊ ကာကွယ်ရေးဝန်ကြီးဌာနက နူးညံ့ပျော့ပျောင်းစွာ မေတ္တာရပ်ခံသည့်အခါ လုံးဝ ဂရုမစိုက်၊ ထိုမထင်သည့်အပြင် တုတ်၊ ဓား၊ ဂျင်ဂလိကိုင် လူစုလူဝေးဖြင့် ပြောင်လှောင်အော်ဟစ်အကျပ်ကိုင် ခြိမ်းခြောက်ကြခြင်း၊ စက်တင်ဘာ ၁၇ ရက်တွင်မူ ကုန်သွယ်ရေးဝန်ကြီးရုံး အဆောက်အအုံ၌ လုံခြုံရေးတာဝန်ယူနေသော တပ်မတော်သားတို့အား တုတ်၊ ဓား၊ ဂျင်ဂလိ လက်နက်တို့ဖြင့် ဝင်ရောက်အကြမ်းဖက် ဖမ်းဆီးသွားသည့်အပြင် လက်နက်မျိုးစုံ ၂၃ လက်နှင့် ကျည်မျိုးစုံတို့ကို လုယက်ယူငင်သွားကြသည်သာမက ယာဉ်သုံးစီးကိုပါ မီးရှို့ဖျက်ဆီးကြခြင်းစသော တပ်မတော်ကိုစော်ကား၍ တပ်မတော်ကို ဖြိုခွဲသည့် အကြမ်းဖက်မှုများ ကြမ်းတမ်းလာပုံ တွေ့မြင်ရပါသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့

တပ်မတော်သည် နိုင်ငံတော်အား ရန်သတ္တရုပြုလာကြသော လက်နက်ကိုင် သောင်းကျန်းသူများကို စစ်ရေးစွမ်းရည်ထက်ထက်ဖြင့် ရင်ဆိုင် အောင်ပန်းဆွတ်လှမ်းပြီးသော ကာလမှစ၍ နိုင်ငံတော်သစ်ကို ထုဆစ်ပုံဖော်ရန် စတင်ခဲ့။

ယနေ့ကာလတွင်သော်ကား တပ်မတော်သည် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ထုဆစ်ကွက်ကို ပုံဖော်ထုဆစ်လျက်ရှိသော အနေအထားသို့ ရောက်ရှိလာ။

ယင်းမူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ပြီးမြောက်သည့်နေ့သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံသစ်ရုပ်လွှာ ကမ္ဘာ့အလယ်မှာ လှပစွာ ပေါ်ထွန်းသည့်နေ့ ဖြစ်ပေတော့မည်။

(၆၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။

၃။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေး။

သမိုင်းထဲကတပ်မတော်

* တိုင်းပြည်နွံနစ်၊ ကျွန်အဖြစ်မှ
ရုန်းထွက်ရအောင်၊မြန်မာ့ရေမြေ
အမွေအနှစ်၊ ရွှေအစစ်ကို
မျိုးချစ်စိတ်ဓာတ်၊ မတ်မတ်ခိုင်ကျည်
ပြည်သူမှမွေး၊ ပြည်သူ့သွေးသား
မျိုးဆက်များက၊ ခွန်အားအဖြစ်
ကျစ်ကျစ်ခိုင်ခိုင်၊ ကိုယ့်နိုင်ငံအတွက်
ခေတ်အဆက်ဆက်မှာ၊ အသက်ပေးလှူ
စွန့်ဝံ့သူများ၊ စုပေါင်းထားသည့်
သားကောင်းဓာနည်၊ အောင်စစ်သည်မော်
တပ်မတော်သည်၊ ပေါ်လာသမျှ
ခလုတ်ကန်သင်း၊ ရန်ကြွင်းရန်စ
မကျန်ရအောင်၊ အမြစ်မှဖြတ်လှဲ
သတ္တိဖွဲ့နှင့်၊ ရဲရဲနီမောင်း
သမိုင်းကြောင်းကို...
ပြန်ပြောင်းပြောပြပါလိမ့်မည်။
* ပြည်သူ့အကျိုး၊ သယ်ပိုးလိုစိတ်
ဦးထိပ်ပန်ဆင်၊ တိုက်ပွဲဝင်ကြ
အတိတ်ကာလ၏၊ မတ်လရက်မွန်
နှစ်ဆယ့်ခွန်ကို၊ ရောက်ပြီဆိုတိုင်း
ရင်လှိုင်းခတ်သံ၊ သိမ့်သိမ့်လျှံခဲ့
နယ်ချဲ့ဖက်ဆစ်၊ ကျူးကျော်စစ်၏
ဆိုးညစ်မှုများ၊ ဓာတ်သိမ်းသွားအောင်
"သားပစ် သမီးပစ်၊ ဇနီးပစ်၍"
"အိုးပစ် အိမ်ပစ်၊ တိုင်းပြည်ချစ်၍"
ဆိုးညစ်ရန်စွယ်၊ အန္တရာယ်ဟူသမျှ
ဖြိုဖျက်ကြသည့်၊ မြန်မာ့သားကောင်း
သမိုင်းကြောင်းကို...
ပြန်ပြောင်းပြောပြပါလိမ့်မည်။
* လွတ်လပ်ရေးကြိုး၊ ထီးထီးမားမား
ခံ့ညားထည်ဝါ၊ ကမ္ဘာတည်သမျှ
အစွန့်ရှည်ရအောင်၊ မြန်မာ့တပ်မတော်
ပြည့်သားမော်တို့၊ တော်လှန်ရေးသတိ
အသိနှင့်ယှဉ်၊ အသွင်ကူးပြောင်း
သမိုင်းကြောင်းကို...
ပြန်ပြောင်းပြောပြပါလိမ့်မည်။ ။

"(၆၂)နှစ်မြောက်တပ်မတော်နေ့ကို
ကြိုဆိုဂုဏ်ပြုလျက်–"

ဟသ်ာတမြင့်ငွေ

(၆၂)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းထုတ်ဝေဖြန့်ချီ

ရန်ကုန် မတ် ၂၁

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုလျက် ပြန်ကြားရေးဝန်ကြီးဌာနကကြီးကြပ်စီစဉ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၉၅)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

စောအောင်(တီကျစ်)၊ ကြည်အောင်(ကေတုမတီ)၊ မြင်းမူမောင်နိုင်မိုး၊ ဇော်မင်းဦး၊ ရွှေမြိုင်–မောင်ဖုန်း၊ အောင်ခြိမ့်မိုး၊ မောင်ပြည့်စွမ်း(ပင်လည်ဘူး)၊ မောင်တင့်လွင်(ပေါက်)၊ ချမ်းမြဆောင်း(ကလော)၊ အသုတ်မောင်ဝင်းရောင်၊ စုလျား(ဖျာပုံ)၊ နွေသင်နိုင်တို့၏ အဖွင့်ကဗျာများ၊ စောမုံညင်း၊ တက္ကသိုလ်တင်ခ၊ ချစ်နိုင်(စိတ်ပညာ)၊ မြင့်သိန်းအောင်၊ ဒေါက်တာခင်မောင်ညွန့်၊ သာနိုင်အောင်(ကျိုက်မရော)၊မနှင်းဖွေး၊ ပခုက္ကူဦးအုံးဖေ၊ ရွှေဖြိုးဖြိုးလတ်(ရေးဟောင်းသုတေသန)စလေ၊ မြင်းမူဦးအောင်မြင့်သိမ်း(အရှေ့တိုင်းပညာ)၊ တက္ကသိုလ်စိုးယဉ်၊ လှမြင့်(ရန်ကုန်တက္ကသိုလ်)၊မောင်ဆန္ဒ(လယ်ဝေး)၊ တက္ကသိုလ်ဝင်းမြင့်၊ တင်မြင့်၊ ပန်းတနော်စောလွင်၊ ဦးကျော်ကျော်သန်း(ရွှေဘို)တို့၏ ဆောင်းပါးများ၊ ဦးစံတင်အောင်(ရွှေဘို)၊ ဆင်ဖြူကျွန်းအောင်သိန်း၊ သဇင်မြေနန့်ဖြိုးခိုင်၊ ငယ်နုထွေး(ခြောက်အိမ်တန်း)၊ ပုသိမ်ရန်နောင်စိုး၊ ခင်မောင်အေး(မန္တလေး)၊ ခင်ကြူကြူတင်၊ သျှိ(အင်ကြင်း)၊ မောင်သော်မော်တို့၏ ဝတ္ထုတို၊ဝတ္ထုရှည်၊ တစ်ခန်းရပ်ပြဇာတ်များ၊ ကျော်ကျော်လွင်၊ စိုးစံ၊မောင်နေမွန်၊ ဟာမိုနီတို့၏ကာတွန်းများ၊ တင်ဝင်း(မအူပင်)၊ သန်းဝင်းရှိန်၊ ကိုသက်(ဇီးကုန်း)၊ ဦးကျော်စိန်(မန္တလေး)၊ မြတ်စန္ဒီသင်းဇော်(မကွေးတက္ကသိုလ်)၊ မူဆယ်ဝေါင်ခမ်း၊ စေတနာလှိုင်(ရေစကြို)တို့၏ ဗုဒ္ဓစာဥယျာဉ်၊ တိုင်းရင်းသားကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ပုံပြင်ရှည်များအပြင် တောလေ့စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင်စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်များဖြင့် သုတရသစုံလင်စွာ တင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် အခြားဆိုင်ကြီးများအပြင် မြို့နယ်အသီးသီးရှိ စာအုပ်ဆိုင်ကြီးများတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၄ ဆောင်းပါးမှအဆက်

ယင်းသို့ အကြမ်းတမ်းဆုံး၊ အရိုင်းစိုင်းဆုံး၊ အပက်စက်ဆုံး အကြမ်းဖက်မှုများကြောင့် သက်ရှိ၊ သက်မဲ့ ဆုံးရှုံးနစ်နာမှု အပျက်အစီးစာရင်းမှာ ဤသို့–

- **ဆူပူအကြမ်းဖက်သူများ၏ ဝိုင်းဝန်း အနိုင်ကျင့် ရိုက်နှက်ထိုးခုတ်မှုများကြောင့် တပ်မတော်သားလေးဦး အသက်စွန့်လွှတ်ရပြီး သုံးဦး ပြင်းထန်ဒဏ်ရာရ။**
- **ရဲတပ်ဖွဲ့ဝင်နှစ်ဦး ခေါင်းဖြတ်အသတ်ခံရပြီး ၂၄ဦးမှာ အကြမ်းဖက်သူတို့၏ တုတ်၊ ဓား၊ ဂျင်ဂလိ လက်နက်တို့ဖြင့် တိုက်ခိုက်ခံရ၍ အသက်စွန့်လွှတ်ရကာ ၁၀ဦး ပြင်းထန်ဒဏ်ရာရ။**
- **အရပ်သား ၅၅ဦး ခေါင်းဖြတ် အသတ်ခံရပြီး ၁၈ဦးမှာ တုတ်၊ ဓား၊ ဂျင်ဂလိ လက်နက်တို့ကြောင့် ထပ်မံသေဆုံး။**
- **နိုင်ငံပိုင်ပစ္စည်း ဖျက်ဆီး၊ လုယက်၊ ခိုးယူခံရ၍ ပျက်စီးဆုံးရှုံးရမှု တန်ဖိုးမှာ ငွေကျပ် ၆၂ဒသမ ၁၄ကုဋေ။ ယင်းသို့သော အခြေအနေတွေက အင်အားတောင့်တင်းခိုင်မာ၍ သစ္စာရှိသော မျိုးချစ်အင်အားစုကြီးဖြစ်သည့် တပ်မတော်အား တစ်နိုင်ငံလုံး၏ တာဝန်အရပ်ရပ်ကို ခေါင်းခံယူပေးပါရန် တောင်းဆိုနေပြီ ဖြစ်ရကား စက်တင်ဘာ ၁၈ရက်တွင် တပ်မတော်က နိုင်ငံတာဝန်ကို ရယူခဲ့ရပါတော့သည်။**

ဤကာလများတစ်လျှောက်၌ပင် ဗကပတို့၏ ထိုးစစ်၊ ကေအင်န်ယူတို့၏ ထိုးစစ်တို့ကို နယ်စပ်ဒေသတစ်ကြောမှာ တပ်မတော်က တန်ပြန်ထိုးစစ်ဆင်ရင်း အသက်၊ သွေး၊ ချွေးမြောက်မြားစွာ နိုင်ငံတော်အတွက် ပေးလှူကာ သောင်းကျန်းအန္တရာယ်ကို ကာကွယ်ပေးနေရပါသည်။

၁၉၈၈ခုနှစ် စက်တင်ဘာလမှ ၁၉၉၂ခုနှစ်မေလအထိ တိုက်ပွဲကြီးပေါင်း ၁၃၀၁ပွဲ၊ တိုက်ပွဲငယ်ပေါင်း ၅၇၅၅ပွဲ ဆင်နွှဲခဲ့ရပြီး မိမိဘက်မှစစ်သည် ၃၂၆၆ဦး တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ကာ ၁၁၂၁၀ ဒဏ်ရာရ၊ ၁၈၆ဦးပျောက်ဆုံး၊ လက်နက်မျိုးစုံ ၁၈၀၉ လက် ဆုံးရှုံးခဲ့၍ ရန်သူ့ဘက်မှ ၄၃၅၆ဦး သေဆုံး၊ ၈၈၁ဦး ဖမ်းမိ၊ ၁၅၄၄ဦး လက်နက်ချ၊ လက်နက်မျိုးစုံ ၃၇၃၅လက် သိမ်းဆည်းရမိ။

(ဃ)

ဤသို့ဤပုံ **တပ်မတော်သည် နိုင်ငံတော်အား ရန်သတ္တရုပြုလာကြသော လက်နက်ကိုင် သောင်းကျန်းသူများကို စစ်ရေးစွမ်းရည် ထက်ထက်ဖြင့် ရင်ဆိုင်အောင်ပန်း ဆွတ်လှမ်းပြီးသော ကာလမှစ၍ နိုင်ငံတော်သစ်ကို ထုဆစ်ပုံဖော်ရန် စတင်ခဲ့**ပါတော့သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၁၉၉၂ခုနှစ် နိုဝင်ဘာလ ၁၈ရက်၌ ကျရောက်သော (၇၂)နှစ်မြောက် အမျိုးသားနေ့သို့ ပေးပို့သည့် သဝဏ်လွှာသည် ဦးဆောင်တပ်မတော် ပုံဖော်ထုဆစ် နိုင်ငံသစ်ခရီး နိဒါန်းဖြစ်၏။

"တိုင်းရင်းသား ပြည်သူအားလုံးသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် အရေးသုံးပါးကို ဦးထိပ်ထား၍ နိုင်ငံတော်၏ ဦးဆောင်မှုကို ခံယူပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း၌ စစ်မှန်သော ဒီမိုကရေစီစနစ်ထွန်းကားရေးနှင့် ခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ထွန်းရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြမည် ဖြစ်ကြောင်း"

ပျက်ပြယ်ခဲ့ပြီးဖြစ်သော ဆိုရှယ်လစ်စနစ်ကို ပြည်သူများလိုလားသော ဒီမိုကရေစီစနစ်ဖြင့် အစားထိုးရေးမှာ 'ရော့–အင့်'မျှနှင့် မရနိုင်ကြောင်း လူတိုင်းသိနိုင်ပါသည်။ စနစ်တစ်ခုမှ စနစ်တစ်ခုသို့ ညင်သာစွာ ပြောင်းလဲသွားပြီး စနစ်သစ်တစ်ခု တည်တံ့ခိုင်မြဲဖို့ဆိုသည်မှာ ကာလတစ်ခုလိုအပ်ကြောင်း လူတိုင်းသိနိုင်ပါသည်။ ယင်းကာလ၏ 'အတို၊အရှည်' ဆိုသည်မှာမူ နိုင်ငံသားအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် အမြင်ကျယ်စွာ၊ နားလည်စွာ နိုင်ငံတော်၏ ဦးဆောင်မှုအောက်မှာ တည်၊ မတည်ကသာ ဆုံးဖြတ်ပေးမည် ဖြစ်ပါသည်။ ပါတီတစ်ခု၊ လူတစ်စုကပင်ဖြစ်စေ ကန့်လန့်တိုက်နေပါလျှင် ကာလသည် ရှည်လျားသွားမည်သာ ဖြစ်ပါသည်။

တပ်မတော်သည်မူ ပုံဖော်ထုဆစ်မည့် နိုင်ငံသစ်ရုပ်လွှာ လှပစွာ အသက်ဝင်ရေးအတွက် ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်သည်များကို ကာလအလျဉ်နှင့်အတူ လျင်မြန်စွာဆောင်ရွက်လျက်ရှိရာ ၁၉၉၃ ခုနှစ်တွင် အမျိုးသားညီလာခံကြီးကို ခေါ်ယူ၍ နိုင်ငံတော်က တာဝန်ယူကာ ပါရှိသင့်သူများအားလုံး၊ တက်ရောက်သင့်သူများအားလုံး ပါဝင်တက်ရောက် စေလျက် ဖွဲ့စည်းပုံအခြေခံ အသေးစိတ်အခြေခံရမည့်မူ၊ အချက်အလက်များကို အကျေအလည် ဆွေးနွေးညှိနှိုင်းတိုင်ပင်ချမှတ်နိုင်ရေး ကြိုးပမ်းလျက် ရှိခဲ့ပါသည်။

ယင်းနှင့်တစ်ဆက်တည်း နိုင်ငံတော်အတွင်း၌ နယ်စပ်ဒေသများပါမကျန် တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု အခြေခံကောင်းများ ခိုင်ခိုင်မာမာဖြစ်ထွန်းလာရေး၊နိုင်ငံတော်အတွင်း၌ တောင့်တင်းခိုင်မာသည့် စီးပွားရေး အခြေခံကောင်းများ ဖြစ်ထွန်းလာစေရန် နယ်စပ်ဒေသများပါမကျန် လမ်းမကြီးများ၊ မြစ်ကူးချောင်းကူး တံတားကြီးများ၊ ဆည်မြောင်း တာတမံများ၊ လျှပ်စစ်ဓာတ်အားစီမံကိန်းများစသည့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တည်ဆောက်ရေး၊ ဒီမိုကရေစီကို မှန်ကန်စွာ အသုံးပြုနိုင်ရန် နယ်စပ်ဒေသများပါမကျန် တိုင်းရင်းသားပြည်သူများ၏ ပညာရေးအခြေခံများ မြင့်မားအောင်မြှင့်တင်ရေး စသော နိုင်ငံသစ် ထုဆစ်ကွက်များ တစ်ကွက်ပြီးတစ်ကွက် ထုဆစ်လျက် ရှိခဲ့၏။

(င)

ယနေ့ကာလတွင်သော်ကား တပ်မတော်သည် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ထုဆစ်ကွက်ကို ပုံဖော်ထုဆစ်လျက်ရှိသော အနေအထားသို့ရောက်ရှိလာ၏။ ယင်းမူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ပြီးမြောက်သည့်နေ့သည် အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံသစ်ရုပ်လွှာ ကမ္ဘာ့အလယ်မှာ လှပစွာ ပေါ်ထွန်းသည့်နေ့ ဖြစ်ပေတော့မည်။

သို့ဖြစ်၍ ဦးဆောင်တပ်မတော် ပုံဖော်ထုဆစ်နိုင်ငံသစ်လျှင် သစ်သစ်လွလွ ပုံထွက်လှအောင် ကျရာတာဝန် အင်အားသွန်ရင်း ကျေပွန်စွာထမ်း မဆုတ်တမ်းလှမ်းမြဲ လှမ်းနေကြရေးသည်ကား နိုင်ငံသားတိုင်း၏ အမျိုးသားရေးဖြစ်ပါသတည်း။ ။

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြ စစ်ကြောင်းကြီးများ၏ လေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း စစ်ကြောင်းများ၏ တပ်ပါချီတက်လေ့ကျင့်မှု စစ်ဆေး

နေပြည်တော် မတ် ၂၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ယနေ့နံနက်ပိုင်းတွင် (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများ၏ နေပြည်တော်စုရပ် စစ်ရေးပြကွင်းမှ စစ်ရေးပြကွင်းကြီးသို့ အသွားအပြန် (တပ်ပါ)ချီတက်လေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးသည်။

ရောက်ရှိ

အခမ်းအနားသို့နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ (၆၂)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ (၆၂)နှစ်မြောက်တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလွင်၊ (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဝင်များ၊ စစ်ဦးစီးအရာရှိချုပ် (ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း၊ (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စစ်ရေးပြလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယတပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်မှူးချုပ် ဇော်ဝင်းနှင့် တပ်မတော်အရာရှိကြီးများနှင့်အတူ နံနက် ၆ နာရီတွင် (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနား ကျင်းပမည့် နေပြည်တော် စစ်ရေးပြကွင်းကြီးသို့ ရောက်ရှိလာသည်။

စစ်ကြောင်းများ

ထို့နောက်ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့သည် စုရပ်စစ်ရေးပြကွင်းမှ စစ်ရေးပြကွင်းကြီးသို့ ချီတက်ရောက်ရှိလာသော စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မြင့်နောင်ဦးဆောင်၍စစ်ရေးပြတပ်ရေး၊ ဒုတိယဗိုလ်မှူးကြီးမြင့်လွင် ပါဝင်ကာ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ကြီးနှင့် တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးကျော်အောင်တို့ ဦးဆောင်သည့် အနော်ရထာစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး သိန်းဇော်နှင့်တပ်ရင်းမှူးဒုတိယဗိုလ်မှူးကြီး အောင်ကျော်မိုးတို့ ဦးဆောင်သည့် ကျန်စစ်သားစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးဇော်ဦးနှင့် တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်အောင်တို့ ဦးဆောင်သည့် ဘုရင့်နောင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးစံဝင်းနှင့် တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ဇော်ဝင်းအောင်တို့ ဦးဆောင်သည့် အောင်ဇေယျစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး သန်းလွင်နှင့် တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး သက်ဝေတို့ ဦးဆောင်သည့် ဆင်ဖြူရှင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးခင်မောင်ဆင့်နှင့် တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး သူရိန်ကျော်တို့ ဦးဆောင်သည့် ဗန္ဓုလစစ်ကြောင်းနှင့် စစ်ကြောင်းမှူး ဗိုလ်မှူးကြီးနေဝင်းနှင့် တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ညွန့်တို့ ဦးဆောင်သည့် မြဝတီစစ်ကြောင်းတို့မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၏ တပ်ပါ စစ်ရေးပြလေ့ကျင့်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ဗိုလ်ချုပ်ကြီးသူရရွှေမန်းက တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းကာ နံနက် ၈ နာရီတွင် နေပြည်တော် စစ်ရေးပြကွင်းကြီးမှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

ခွဲစိတ်ကုပညာအဖွဲ့က ဟောပြောပွဲကျင်းပမည်

ရန်ကုန် မတ် ၂၁

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို) ခွဲစိတ်ကုပညာအဖွဲ့က ကြီးမှူး၍ Surgical Emergency(1) ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို မတ် ၂၄ ရက် နံနက် ၉ နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသော ဆရာဝန်များ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရဟန်းခံ ရှင်ပြုအလှူတော်မင်္ဂလာ အထူးတရားပွဲ

ရန်ကုန် မတ် ၂၁

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် ကေတုမတီလမ်းရှိ (၆)ရပ်ကွက်လုံးဆိုင်ရာ ဗဟိုဓမ္မာရုံကြီးတွင် အလှူဒါယကာ ဦးငွေးဝင်းဇော်-အလှူဒါယိကာမ ဒေါ်လှလှငွေး (အရှဏ်ဦးကလေးဂျာနယ်) မိသားစု၏ ရဟန်းခံ ရှင်ပြု အလှူတော်မင်္ဂလာ အထူးတရားပွဲအဖြစ် မတ် ၂၄ ရက် (စနေနေ့)တွင် ဒေါက်တာနန္ဒမာလာဘိဝံသ(ပါမောက္ခချုပ်)၊ မတ် ၂၅ ရက် (တနင်္ဂနွေနေ့)၌ အရှင်သုမင်္ဂလ (ဝေါ)မဟာဓမ္မာစရိယ၊ ၂၆ ရက် (တနင်္လာနေ့)တွင် ဓမ္မဘေရီအရှင်ဝိရိယ (တောင်စွန်း)၊ ၂၇ ရက် (အင်္ဂါနေ့)၌ အရှင်ရာဇိန္ဒ (ရဝေနွယ်-အင်းမ)၊ ၂၈ ရက် (ဗုဒ္ဓဟူးနေ့)တွင် မြိုင်ဆရာတော် အရှင်ပညာဇောတ ဆရာတော်တို့က ငါးညတိုင် ညစဉ် ၇ နာရီမှစ၍ ဟောကြားမည်ဖြစ်ရာ တရားတော်နာယူတော်မူကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၂၂-၃-၂၀၀၇ ရက်
(ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈:၀၀ ၆။ အရေးပြိုင်ပွဲ
- ၈:၁၀ ၇။ အကပဒေသာ
- ၈:၂၀ ၈။ (၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Let's Go
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ တေးဂီတအစီအစဉ်
- ၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ရက္ခဗေဒအထူးပြု) [ရက္ခဗေဒ]
- ၁၇:၀၀ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၁၇:၁၀ ၆။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ (၂၀၀၆ ခုနှစ်)
- ၁၇:၂၀ ၇။ **"အဲဒီမှာစတွေ့တာပဲ"** မင်းအုပ်စိုး၊ ငှက်ပျောကြော်၊ မြတ်ကေသီအောင်၊ နှင်းဝတ်ရည်သောင်း (ဒါရိုက်တာ-မင်းအုပ်စိုး)
- ၁၇:၂၅ ၈။ (၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၁၇:၃၅ ၉။ Discovery
- ၁၇:၄၅ ၁၀။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၁၈:၀၀ ၁၁။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၃။ သီရိဂေဟာ
- ၁၉:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သစ်ရွက်ကလေး၏ ရင်ခုန်သံ"** (အပိုင်း-၈)
- ၁၉:၄၅ ၁၅။ ပြည်သူ့အတွက် တပ်မတော် (သမိုင်းဂုဏ်ရောင် ထွန်းပြောင်သည့် ရှေးခေတ် မြန်မာ့တပ်မတော်)
- ၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အကြင်နာရှေ့ဦး"** (အပိုင်း-၂၂)

ပင်လည်ဘူးမြို့ စူဠာမုဏိစေတီ ဗုဒ္ဓပူဇနီယပွဲကျင်းပမည်

ရန်ကုန် မတ် ၂၁

စစ်ကိုင်းတိုင်း ပင်လည်ဘူးမြို့ မြို့ဦးကုန်းတော်ပေါ်၌ တည်ထားကိုးကွယ်သည့် စူဠာမုနိစေတီတော်မြတ်ကြီး၏ ရာပြည့်(အကြို) ဗုဒ္ဓပူဇနီယပွဲနှင့် ရွှေကျောင်းဆရာတော်ကြီးအား သိက္ခာထပ်ပွဲတို့ကို (၁၃၆၈ခုနှစ် တန်ခူးလပြည့်ကျော် ၅ရက်နှင့် ၆ရက်) ဧပြီ ၆ရက်နှင့်၇ရက်တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ၎င်းအပြင် အဆိုပါပွဲများနှင့်အတူ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးရကျောင်းသား၊ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် နိုင်ငံတော်က ချီးမြှင့်သည့် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ချီးကျူးပူဇော်ပွဲကိုပါ ကျင်းပမည်ဖြစ်ရာ ပင်လည်ဘူးမြို့နယ်အသင်း (ရန်ကုန်)နှင့် (မန္တလေး)တို့မှ ပွဲတော်သို့ လိုက်ပါလိုသည့် အသင်းဝင်များသည် ဦးခင်မောင်လှ ဖုန်း- ၆၈၅၃၉၉၊ ဦးထိန်ဝင်း ဖုန်း- ၅၁၃၃၃၃ (လိုင်းခွဲ ၄၃၈)၊ ဦးမြင့်အောင် ဖုန်း- ၅၀၀၄၅၈နှင့် ဦးတင်မြ (မန္တလေး) ဖုန်း-၀၂-၃၆၈၉၀ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

ရုရှား၌ဖြစ်ပွားသော ဘောအန္တရာယ်သုံးခု အနည်းဆုံး လူ ၁၇၆ ဦး သေဆုံးခဲ့ရ

မော်စကို မတ် ၂၁

ရုရှားနိုင်ငံတွင် အဆိုးရွားဆုံး သဘာဝဘေးအန္တရာယ်ကြီးသုံးခု ဖြစ်ပွားခဲ့ရာ အနည်းဆုံးလူပေါင်း ၁၇၆ ဦး သေဆုံးခဲ့ကြောင်း အင်တာနက်သတင်းတွင် မတ် ၂၁ ရက်က ဖော်ပြသည်။

အဆိုပါဘေးအန္တရာယ်ကြီးသုံးခုမှာ မတ် ၁၇ရက်က ခရီးသည်တင်လေယာဉ်တစ်စင်း မော်စကိုမြို့ အရှေ့တောင်ဘက် ဆာမာရာမြို့၌ ပျက်ကျရာတွင် လူခြောက်ဦး၊ မတ် ၂၀ရက်က ပင်လယ်နက်အနီး ကူဘန်ဒေသ၌ လူအိုရုံတစ်ရုံ မီးလောင်မှုကြောင့် လူ ၆၃ဦးနှင့် မတ် ၂၀ရက်က ကီမီရိုဗိုဒေသရှိ အာယာနော့ဗ်စကာယာ ကျောက်မီးသွေးတွင်း ဓာတ်ငွေ့ပေါက်ကွဲမှုကြောင့် အနည်းဆုံးလူ ၁၀၇ဦး သေဆုံးမှုများ ဖြစ်ပွားခဲ့သည်ဟုဆိုသည်။

အဆိုပါ ဘေးအန္တရာယ်ကြီးသုံးခုဖြစ်ပွားခဲ့သည့်အတွက် ရုရှားတစ်နိုင်ငံလုံးတွင် အလံများကို တိုင်ဝက်လွှင့်ထူ၍လည်းကောင်း၊ ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို ပယ်ဖျက်ခြင်းဖြင့်လည်းကောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က မတ် ၂၁ရက် (ဗုဒ္ဓဟူးနေ့)ကို ဝမ်းနည်းဖွယ်ရာ နေ့တစ်နေ့အဖြစ် သတ်မှတ်ကြေညာခဲ့ကြောင်း သိရသည်။

(အင်တာနက်)

အာယာနော့ဗ်စကာယာ ကျောက်မီးသွေးတွင်း၌ မီသိန်းဓာတ်ငွေ့ပေါက်ကွဲပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတကြီးနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပေါင်းလောင်းရေအားလျှပ်စစ် မြေအောက်ဓာတ်အားပေးစက်ရုံသို့ သွားရောက်ကြည့်ရှုလေ့လာ

လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ကျူမာလီ၊ ဆိုင်ညဆွန် ပေါင်းလောင်း ရေအားလျှပ်စစ် မြေအောက် ဓာတ်အားပေးစက်ရုံတွင် ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၂၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ကျူမာလီ၊ ဆိုင်ညဆွန်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့လိုက်ပါလျက် ယနေ့ညနေပိုင်းတွင် ပျဉ်းမနားမြို့ အရှေ့မြောက်ဘက် ၁၁ မိုင်ရှိ ပေါင်းလောင်းရေအားလျှပ်စစ် မြေအောက်ဓာတ်အားပေးစက်ရုံသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ပေါင်းလောင်းရေအားလျှပ်စစ်

ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ကျူမာလီ၊ ဆိုင်ညဆွန်နှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ညနေ ၄ နာရီတွင် ပေါင်းလောင်း ရေအားလျှပ်စစ် မြေအောက်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိကြရာ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် စက်ရုံဝန်ထမ်းများက ကြိုဆိုကြသည်။

ထို့နောက် ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ကျူမာလီ၊ ဆိုင်ညဆွန်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား စက်ရုံ၏ အစည်းအဝေးခန်းမ၌ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး စက်ရုံနှင့် စပ်လျဉ်းသည့် အချက်အလက်များ၊ ပေါင်းလောင်းရေအားလျှပ်စစ် မြေအောက်ဓာတ်အားပေးစက်ရုံမှ ဓာတ်အားဖြန့်ဝေမှုတို့ကို ဗီဒီယိုဖြင့် ပြသရှင်းလင်းသည်။

မှတ်တမ်းတင်

ယင်းနောက် ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ကျူမာလီ၊ ဆိုင်ညဆွန်အား အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက အမှတ်တရလက်ဆောင်ပစ္စည်းကို ပေးအပ်ပြီး ဧည့်သည်တော် သမ္မတကြီးကလည်း အမှတ်တရ လက်ဆောင်ပစ္စည်းကို ပြန်လည်ပေးအပ်၍ ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ဧည့်သည်တော် လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာကျူမာလီ၊ ဆိုင်ညဆွန်နှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပေါင်းလောင်းရေအားလျှပ်စစ် မြေအောက် ဓာတ်အားပေးစက်ရုံ Machine Room ကို လှည့်လည်ကြည့်ရှု လေ့လာကြရာ အမှတ် (၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းပြသကြသည်။

ယင်းနောက် ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ကျူမာလီ၊ ဆိုင်ညဆွန်နှင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း၊ ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ စက်ရုံဝန်ထမ်းများနှင့် အတူ ပေါင်းလောင်း ရေအားလျှပ်စစ် မြေအောက် ဓာတ်အားပေးစက်ရုံရှေ့၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ညနေပိုင်းတွင် ခေတ္တ တည်းခိုသည့် နေပြည်တော် ဟိုတယ်ဇုန်သို့ ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)



လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာကျူမာလီ၊ ဆိုင်ညဆွန်ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် စက်ရုံဝန်ထမ်းများ ပေါင်းလောင်းရေအားလျှပ်စစ် မြေအောက်ဓာတ်အားပေးစက်ရုံရှေ့တွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဆေးနှင့်ဆေးပစ္စည်းများလှူဒါန်း

ရန်ကုန် မတ် ၂၁

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် ယနေ့နံနက် ၉နာရီက မင်္ဂလာဒုံမြို့နယ် အမှတ်(၁) တပ်မတော်သားဖွား၊ မီးယပ်နှင့် ကလေးဆေးရုံ(ခုတင်-၃၀၀) မင်္ဂလာဒုံသို့ ရောက်ရှိကြ၍ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က အသင်းအဆင့်ဆင့်၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် စောင့်ရှောက်မှုပေးခြင်းများကိုလည်းကောင်း၊ ဆေးနှင့်ဆေးပစ္စည်းများ လာရောက်လှူဒါန်းရခြင်းကို လည်းကောင်း ရှင်းလင်းပြောကြားပြီး ငွေကျပ် သိန်း ၃၀ တန်ဖိုးရှိ ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ တပ်မှူး ဗိုလ်မှူးကြီးကျော်ညွန့်က လက်ခံပြီး **(အောက်ပုံ)** ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပါဠိကာရီဆရာတော်ဓမ္မခရီး

ရန်ကုန် မတ် ၂၁

ရန်ကုန်တိုင်း သာကေတမြို့နယ် စက်မှုလက်မှုရပ်ကွက် ပါဠိကာရိပရိယတ္တိ စာသင်တိုက်နှင့်မှော်ဘီမြို့နယ် ကုလားကုန်းကျေးရွာ ပါဠိကာရိချမ်းမြေ့နန္ဒာ ပရိယတ္တိစာသင်တိုက်နှစ်တိုက်တို့၏ဦးစီးပဓာန မဟာနာယက အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရ ဩဝါဒါစရိယ ဘဒ္ဒန္တ အင်္ဂိသ ပါဠိကာရီဆရာတော်သည် မတ်၂၄ရက်တွင် ဒလမြို့နယ် ကျွဲလူးအိုင်ကျေးရွာ အလှူမင်္ဂလာမဏ္ဍပ်၊ ၂၅ရက် ဥက္ကံမြို့ ပါဒကြီးဘုရား၊ ၂၆ရက် သီလဝိသုဒ္ဓိဓမ္မာရုံ သာကေတ၊ ၂၇ရက် ခိုင်ရွှေဝါဓမ္မာရုံ၊ ၂၈ရက် ဇမ္ဗူသီရိ-၄လမ်း၊ ၂၉ ရက် ရွှေလှေ စာသင်တိုက် ရွှေတောင်မှော်၊ ၃၀ရက် ကျုံကန်အလှူမင်္ဂလာ၊ ၃၁ရက် ဥက္ကံ ဘုရားကြီးတိုက် သုံးခွမြို့၊ ဧပြီ ၁ရက် အောင်ရတနာ ၁၂လမ်း ဧယျာသီရိ၊ ၂ ရက် ၁၆ ရပ်ကွက် မလွန်ဆန်လှူအသင်း လှိုင်မြို့နယ်၊ ၃ ရက် ၁၃ရပ်ကွက် ကြာသပတေး ဆွမ်းပတ်အသင်း တောင်ဥက္ကလာပ၊ ၄ရက် ကြည်စုဝါပ ဆွမ်းလောင်းအသင်း၊ ၅ရက်တွင် မြို့မ ဆန်လှူအသင်း သဃ်န်းကျွန်းမြို့နယ် တို့တွင် မဟာစည် ဆရာတော်ကြီး နည်းနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဟု သိရသည်။ **(က-ပ)**

(၆၂)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် မြဝတီစစ်ကြောင်းမှချီတက်မည့်မီးသတ်တပ်ဖွဲ့ဝင်များအတွက်အလှူငွေပေးအပ်

ရန်ကုန် မတ် ၂၁

(၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် မြဝတီစစ်ကြောင်းမှ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ကိုယ်စားပြု ပါဝင်ချီတက်မည့် တပ်ခွဲတစ်ခွဲမှ သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များအတွက် အလှူငွေပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ မီးသတ်ဦးစီးဌာနချုပ်၌ ကျင်းပရာ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ အလှူရှင်များကိုယ်စား ဦးအေးသန့် (Prime Boss Co., Ltd.)က ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ဦးအေးသန့် (Prime Boss Co., Ltd.)က ငွေကျပ် ဆယ်သိန်း၊ ဦးကျော်မင်းဦး (မြန်မာသီဟကုမ္ပဏီလီမိတက်)က ငွေကျပ်ငါးသိန်း၊ ဒေါက်တာဒေါ်စန်းစန်းရီ (Europ Continnts Myanmar)၊ ဒုတိယဗိုလ်မှူးကြီးတင်မြ(ငြိမ်း) (စိမ်းလဲ့ကန်သာစိုက်ပျိုးရေးနှင့်မွေးမြူရေး ကုမ္ပဏီလီမိတက်)၊ ဒေါ်ဥမ္မာသန်း (Big Bear Trading Co., Ltd.)တို့က ငွေကျပ်သုံးသိန်းစီ၊ ဧရာဝတီတိုင်း မီးသတ်ဦးစီးဌာနက ငွေကျပ်နှစ်သိန်းငါးသောင်း၊ ဦးယဉ်ထွေးသက် (Reliance Co., Ltd.)က ငွေကျပ်နှစ်သိန်း၊ ဒေါ်စုစုအေး (ဓာထိုးပန်းထိုးလုပ်ငန်း) က ငွေကျပ်တစ်သိန်းသုံးသောင်း၊ ပဲခူးတိုင်းမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်ဝန်ထမ်းဟောင်းများအသင်း၊ ရခိုင်ပြည်နယ်မှမီးသတ်တပ်ဖွဲ့ဝင်များနှင့် ရဲကျော်သူအေးနိုင်-ဒေါ်အုန်းရီ (နိုင်ကြီးမိသားစု လေးလုပ်ငန်း)တို့က ငွေကျပ်တစ်သိန်းစီ၊ ရဲသူရသန်းလှိုင် (ညွှန်ကြားရေးမှူး- ငြိမ်း)၊ မကွေးတိုင်းမီးသတ်တပ်ဖွဲ့ဝင်များ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဦးမြ (၃၂)လမ်းတို့က ငွေကျပ်ငါးသောင်းစီ၊ ဦးမြသိန်း (Wyn & Sons Co., Ltd.)က ငွေကျပ်၁၇၁၀၀၀ တန်ဖိုးရှိ ကယ်လ်ဆမ်ကြွေကာ သုံးဖာ၊ ဦးသူရသွင် (ဖိုးလပြည့်ကုမ္ပဏီ)က စီပလပ်စ် အလုံး ၅၀၀၊ ဦးဝင်းနောင် (မန်နေဂျာ ဂွတ်မောနင်းပေါင်မုန့်လုပ်ငန်း)က ပေါင်မုန့်အလုံး ၃၅၀ အပါအဝင် အလှူရှင် ၂၇ ဦးတို့က အလှူငွေကျပ် ၃၇၀၅၀၀၀နှင့် ပစ္စည်းများကို ပေးအပ်လှူဒါန်းကြပြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းက လက်ခံ၍ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၇ ခုနှစ် မတ်လအတွက် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) (၂၅-၃-၂၀၀၇)ရက်

၂၀၀၇ ခုနှစ် ဧပြီလအတွက် (၈-၄-၂၀၀၇)ရက်နှင့် (၂၉-၄-၂၀၀၇)ရက်

အလှူရှင်များ၏လှူဒါန်းမှု စေတနာ၊ သဒ္ဓါအားမှာ မဖော်ပြနိုင်အောင် ကြီးမားနေ

ပြည်သူများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမှုကို နိုင်ငံတော်ကိုယ်စား ကျေးဇူးတင်

အလှူရှင်များ ပီတိဖြစ်နိုင်အောင် စက်ရေတွင်းနှင့်ရေကန်များကို ပိုမိုအောင်မြင်အောင် ကြိုးစားတူးဖော်ပြီး စက်ရေတွင်းများ ရေရှည်သုံးစွဲနိုင်အောင် ပြည်သူများနှင့် ပူးပေါင်းထိန်းသိမ်း

ရန်ကုန် မတ် ၂၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန၏ ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး တေရသမအကြိမ်မြောက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မတ် ၁၉ ရက် ညနေ ၃နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းရှိ စည်ပင်သာယာရေးဦးစီးဌာန အစည်းအဝေးခန်းမဌကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အလှူငွေများကို လက်ခံပြီး အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အလှူရှင်များ နှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး နှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွှန့်က ကျေးလက် ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးကိစ္စရပ်များနှင့် ပတ်သက်၍ ဆောင်ရွက် ချက်များအား ရှင်းလင်းတင်ပြရာတွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ အထူးဒေသကြီး ၂၄ ခု ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် စီမံကိန်းတို့ဖြင့် အကောင်အထည် ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးက **ရေခက်ခဲသော အပူပိုင်းဒေသ တိုင်းသုံးတိုင်းရှိ ကျေးရွာအားလုံး သန့်ရှင်းသော သောက်သုံးရေရရှိရေးကို (၁၀)နှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်** လမ်းညွှန်မှာကြားခဲ့ပါကြောင်း၊ ထိုလမ်းညွှန်မှုအရ စည်ပင်သာယာရေးအဖွဲ့များမှ ကွင်းဆင်းစာရင်းကောက်ယူသည့်အခါ အပူပိုင်း ဒေသဖြစ်သော စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် ရေခက်ခဲသောကျေးရွာ၊ ရေမလုံလောက်သော ကျေးရွာ၊ သန့်ရှင်းသော သောက်သုံးရေမရရှိသော ကျေးရွာပေါင်း ၈၀၄၂ရွာ ရှိပြီး အခြားပြည်နယ်နှင့် တိုင်း ၁၄ခုတို့တွင် ၁၅၁၈၃ရွာ ရှိသဖြင့် တစ်နိုင်ငံလုံးအနေဖြင့် ကျေးရွာ စုစုပေါင်း ၂၃၂၂၅ရွာကို သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း စာရင်းကောက်ယူရရှိခဲ့ပါကြောင်း။

ဆောင်ရွက်ပေးနိုင်

ရေခက်ခဲသော အပူပိုင်းဒေသ တိုင်းသုံးတိုင်းရှိ ကျေးရွာပေါင်း ၈၀၄၂ရွာ အနက် စီမံကိန်းကာလစတင်သည်မှ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် ဖေဖော်ဝါရီ လကုန်အထိ ကျေးရွာပေါင်း ၇၈၉၁ ရွာကို သန့်ရှင်းသောသောက်သုံးရေရရှိရေး ဆောင်ရွက်ခဲ့သဖြင့် ၉၈ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပါကြောင်း၊ အခြား ပြည်နယ်နှင့်တိုင်း ၁၄ခုရှိ ၁၅၁၈၃ ရွာအနက် ၂၀၀၆-၂၀၀၇ခုနှစ် ဘဏ္ဍာရေးနှစ် ဖေဖော်ဝါရီ လကုန်အထိ ကျေးရွာပေါင်း ၉၂၀၆ရွာကို သန့်ရှင်းသော သောက်သုံး ရေရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ၆၁ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပါကြောင်း။

ပြည်နယ်၊ တိုင်းအားလုံးရှိ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ရန် စုစုပေါင်းကျေးရွာ ၂၃၂၂၅ရွာအနက် ကျေးရွာပေါင်း ၁၇၀၉၇ရွာကို သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း။

အရှိန်အဟုန်ပိုမိုမြင့်မား

ယခုကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် နိုင်ငံတော် ထောက်ပံ့ငွေကျပ် ၂၁၀၃ သန်း၊ စည်ပင်သာယာရေးအဖွဲ့များ၏ ရန်ပုံငွေကျပ် ၅၄၃၁ ဒသမ ၉၀သန်း၊ ပြည်တွင်းပြည်ပ အလှူရှင်များ၏ လှူဒါန်းငွေကျပ် ၁၄၀၂ ဒသမ ၇၉သန်း၊ US$ ၇၆၇၅၂၊ EURO ၇၇၀၊ FEC ၁၀၀၁၂၊ နိုင်ငံတကာနှင့် ပူးပေါင်း ဆောင်ရွက်မှု US$ ၅ဒသမ ၆၀ သန်း၊ ဂျပန်ယန်း ၇၃၄ ဒသမ ၀၈သန်း၊ စုစုပေါင်းရန်ပုံငွေကျပ် ၈၉၃၇ဒသမ၆၉သန်း၊ US$ ၅ဒသမ ၆၇သန်း၊ EURO ၇၇၀၊ FEC ၁၀၀၁၂၊ ဂျပန်ယန်း ၇၃၄ဒသမ ၀၈ သန်းကို သုံးစွဲခဲ့သဖြင့် ရေရရှိရေးလုပ်ငန်းမှာ အရှိန်အဟုန် ပိုမိုမြင့်မားလာခြင်း ဖြစ်ပါကြောင်း။

စေတနာရှင် ပြည်သူများ၏ လှူဒါန်းငွေများကို တင်ပြရမည်ဆိုလျှင် ပထမအကြိမ်မှ ဒွါဒသမအကြိမ်အထိ စုစုပေါင်း အလှူရှင် ၁၇၅၃ဦးက ငွေကျပ် ၁၄၀၂၇ဒသမ ၉၂သိန်း၊ US$ ၇၆၇၅၂၊ EURO ၇၇၀၊ FEC ၁၀၀၁၂ တို့ လှူဒါန်းရရှိခဲ့ကြောင်း၊ ၎င်းအပြင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့နှင့်အခြားလူမှုရေးအသင်းအဖွဲ့များတို့ကလည်း ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေးလုပ်ငန်းများကို အင်တိုက် အားတိုက် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး တေရသမအကြိမ်မြောက် အလှူငွေပေးအပ်ပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ပူးပေါင်းပါဝင်

ပြည်တွင်းသာမက နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ Japan International Cooperation Agency (JICA)၊ အာရှ-ဂျပန်ပေါင်းကူးအဖွဲ့ Bridge Asia Japan (BAJ)နှင့် ကုလသမဂ္ဂ ရန်ပုံငွေအဖွဲ့ (UNICEF) တို့ကလည်း ပါဝင် ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း။

ရည်မှန်းထား

ကျေးလက်ရေရရှိရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက် ရှိရာ ၂၀၀၆-၂၀၀၇ဘဏ္ဍာရေးနှစ်ကုန်အထိ စစ်ကိုင်းတိုင်းတွင် မြို့နယ် ၁၀မြို့နယ်၊ မကွေးတိုင်းတွင် မြို့နယ် ၁၂ မြို့နယ်၊ မန္တလေးတိုင်းတွင် မြို့နယ် ၁၂ မြို့နယ် စုစုပေါင်း ၃၄ မြို့နယ်တွင် မြို့နယ်လုံးကျွတ် ကျေးရွာများအားလုံး သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်နိုင်ခဲ့သလို စစ်ကိုင်းတိုင်းတွင် စစ်ကိုင်းခရိုင်နှင့် တမူးခရိုင်၊ မကွေးတိုင်းတွင် ပခုက္ကူခရိုင်၊ မန္တလေးတိုင်းတွင် မန္တလေးခရိုင် နှင့် ကျောက်ဆည်ခရိုင်တို့ကိုလည်း ခရိုင်လုံးကျွတ် သန့်ရှင်းသောသောက်သုံး ရေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း။

ဖော်ပြပါ မြို့နယ်များမှ ကျေးရွာတိုင်း တစ်ရွာလျှင် စက်ရေတွင်း တစ်တွင်း နှုန်းဖြင့် သန့်ရှင်းသော သောက်သုံးရေရရှိပြီးဖြစ်သော်လည်း နေ့စဉ် တိုးတက် လာသော လူဦးရေနှင့်အညီ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် စက်ရေတွင်းများ ဆက်လက်တူးပေးသွားဦးမှာ ဖြစ်ပါကြောင်း။

ဆက်လက်ပြီးလည်း မြို့နယ်လုံးကျွတ်မှသည် ခရိုင်လုံးကျွတ်၊ ခရိုင် လုံးကျွတ်မှသည် တိုင်းလုံးကျွတ်အဆင့်အထိ တိုးတက်အောင် ရေရရှိရေး လုပ်ငန်းများကို ဆောင်ရွက်သွားရန် ရည်မှန်းထားရှိပြီး ဆောင်ရွက်လျက်ရှိပါ ကြောင်း။

လူမှုဒုက္ခကင်းဝေး

အလှူရှင်များ၏ စေတနာကြောင့် ရေရရှိပြီးဖြစ်သော ကျေးရွာလူထု အများစုတို့မှာ နေ့စဉ်နှင့်အမျှ ရေရရှိရေးအတွက် စဉ်းစား ရန်းကန်နေရသည့် လူမှုရေးဒုက္ခများမှ ကင်းဝေးသွားပြီဖြစ်ပါကြောင်း၊ ထို့အတူ အလှူရှင်များအနေဖြင့် ဝမ်းသာပီတိဖြစ်ပြီး ရေအကျိုး ၁၀ပါးကို ဘဝဆက်တိုင်း မတောင်းဘဲ ရရှိနိုင် ပါစေလို့လည်း ဆုတောင်းမေတ္တာ ပို့သအပ်ပါကြောင်း စသည်ဖြင့် ရှင်းလင်း တင်ပြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် အလှူငွေများအဖြစ် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေ

ရေခက်ခဲသော အပူပိုင်းဒေသ တိုင်းသုံးတိုင်းရှိ ကျေးရွာပေါင်း ၈၀၄၂ရွာ အနက် စီမံကိန်းကာလစတင်သည်မှ ၂၀၀၆- ၂၀၀၇ ဘဏ္ဍာရေးနှစ် ဖေဖော်ဝါရီလကုန်အထိ ကျေးရွာပေါင်း ၇၈၉၁ ရွာကို သန့်ရှင်းသောသောက်သုံးရေရရှိရေး ဆောင်ရွက်ခဲ့သဖြင့် ၉၈ ရာခိုင်နှုန်း ခန့်ပြီးစီးနေပြီ၊ အခြား ပြည်နယ်နှင့်တိုင်း ၁၄ခုရှိ ၁၅၁၈၃ ရွာအနက် ၂၀၀၆-၂၀၀၇ခုနှစ် ဘဏ္ဍာရေးနှစ် ဖေဖော်ဝါရီ လကုန်အထိ ကျေးရွာပေါင်း ၉၂၀၆ရွာကို သန့်ရှင်းသော သောက်သုံး ရေရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ၆၁ ရာခိုင်နှုန်း ပြီးစီးနေပြီ။

ပေးအပ် လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ထံ ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

မိသားစုက ငွေကျပ် ၁၀ သိန်း၊ တပ်မတော်(ရေ)မှ အရာရှိစစ်သည်မိသားစုများက ငွေကျပ် ၁၈သိန်း၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က ငွေကျပ် ၁၀ သိန်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ်သိန်း ၂၀၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်က ငွေကျပ် ၁၆ သိန်း၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းက ငွေကျပ်ငါးသိန်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်က ငွေကျပ် သိန်း ၇၀၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းက ငွေကျပ် ၂၅ သိန်း၊ ဦးသန်းထိုက် (Myanmar Sea Food Co., Ltd.)က ငွေကျပ်သိန်း ၅၀၊ ဦးဉာဏအောင် (Rotary Club) က ငွေကျပ်၃၁၅၀၀၀၀၊ ဦးဝင်းနိုင်–ဒေါ်သန်းသန်းဆွေ မိသားစု (WEG ကုမ္ပဏီလီမိတက်၊ Waterwork Engineering Group Co., Ltd.)က ငွေကျပ် ၂၇ သိန်း၊ ဆရာမကြီး ဒေါ်ခေမာစာရီအားအမှူးထား၍ နှစ်ဖက်မိဘများနှင့်ဦးသက်လင်း–ဒေါ်သီသီတင် မိသားစုက ငွေကျပ် ၂၆ သိန်း၊ ဦးရန်ဝင်း(A-1 ဆောက်လုပ်ရေးနှင့်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်)က ငွေကျပ် ၂၅ သိန်း၊ ဦးချစ်ခိုင်(ဒေင်ဆောက်လုပ်ရေးကုမ္ပဏီ)၊ နောင်တုံကုမ္ပဏီနှင့် ဦးဇော်ဇော် (Max Myanmar Co., Ltd.)တို့က ငွေကျပ်သိန်း ၂၀စီ၊ သီဟသုမ္မသီဂီ ဒေါ်မြသိန်း၊ သား ဦးရန်ရှင်းမိသားစု(ယူနိုက်တက် ဝင်းနားအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်)နှင့် ဦးထွန်းလှိုင်(အငြိမ်းစား၊ MEPE)–ဒေါ်ခင်ညွန့် သားသမီး မြေးမြစ်တစ်စုတို့က ငွေကျပ် ၁၆ သိန်းစီ၊ ဦးမောင်ကျေး(Asia World Co., Ltd.)၊ ဦးအောင်သန်း (MD, ရွှေတောင်အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်)၊ Asia Hi Tech Co., Ltd.၊ ဦးရှိန်ဝင်း (တက်လမ်းဆောက်လုပ်ရေးကုမ္ပဏီ)၊ မိုးကြယ်စင်ဆောက်လုပ်ရေး ကုမ္ပဏီ၊ Original Group၊ ဦးတေဇ(MD, Htoo Trading Co., Ltd.)၊ သော်တာဝင်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၊ ဦးအောင်ထွေး(Golden Flower ကုမ္ပဏီလီမိတက်)နှင့် ဦးစိန်လွင် (ဥက္ကဋ္ဌ၊ Diamond Mercury Co., Ltd.)တို့က ငွေကျပ် ၁၅ သိန်းစီ၊ ဦးတင်အောင်မိုး–ဒေါ်စိုးစိုးပြုံး၊ သား မောင်ရဲစွမ်းမိုးခန့်၊ မောင်ရဲနိုင်မိုးခန့်က ငွေကျပ် ၁၄ သိန်း၊ ဦးချစ်စိုး– ဒေါ်တင်ကြည်၊ သမီး Mrs. Yasukisa Ye Da၊ ဒေါ်သန်းဌေးစိုး၊ သား မောင်ထက်ဖြိုးဟိန်း မိသားစုက ငွေကျပ် ၁၃ သိန်း၊ ပါမောက္ခ ဒေါက်တာဦးမြင့်သိန်း–ပါမောက္ခ ဒေါက်တာဒေါ်မိမိချို၊ သမီး ဒေါက်တာဝင့်ယုမွန်၊ TZTM Co.,Ltd. (ဦးစေ့ဟုတ်)၊ ဦးအောင်သက်မန်း(ဧရာရွှေဝါဆောက်လုပ်ရေးကုမ္ပဏီ)၊ ဦးဇော်ဝင်း (အရုဏ်ဦးဆောက်လုပ်ရေးကုမ္ပဏီ)နှင့် ဦးသိန်းဝင်း(M.D)–ဒေါ်တင်တင်ဝင်း(ရွှေသပြေကုမ္ပဏီ)တို့က ငွေကျပ် ၁၀ သိန်းစီ၊ ဦးချိုချို(M.D)၊ ဦးဌေးဝင်း (PD)(NEPS Co.,Ltd.)က ငွေကျပ် ကိုးသိန်း၊ ဦးသောင်းတင်အားရည်စူး၍ ဇနီး ဒေါ်ရီနှင့်သမီး မချိုချိုဦးက ငွေကျပ် ၈၈၅၀၀၀၊ ဦးဝေလွင် (အထွေထွေမန်နေဂျာ၊ ကြွေမြေ၊ စက်မှု–၁)–ဒေါ်တင်သိန်းနွယ်(လ/ထ ညွှန်မှူး–ငြိမ်း၊ စက်မှု–၂)၊ သား ဒေါက်တာစည်သူလွင်နှင့် ဦးဇော်မင်း–ပါမောက္ခ ဒေါက်တာခင်ဇမ္မူ၊ သမီး မစုယမင်း၊ မဖြူမာသိမ့်တို့က ငွေကျပ်ရှစ်သိန်းစီ၊ ဦးမင်းသော်(လ/ထညွှန်မှူး–ငြိမ်း၊ လဝက)၊ ဇနီး ဒေါ်ခင်ခင်၊ သားသမီးမြေးမြစ်များက ငွေကျပ်ခုနစ်သိန်း၊ ဦးသောင်းရွှေ–ဒေါ်ဝင်းကြည် သားသမီးမြေးတစ်စုက ငွေကျပ်ခြောက်သိန်း၊ ဒေါ်မြမူ၊ ဦးဟန်ရှိန်ဇနီး ဒေါ်သန်းနွယ် မိသားစု၊ ဗိုလ်မှူးချုပ်ခင်အုန်း(ငြိမ်း)– ဒေါ်ခင်ထွေးအားရည်စူး၍ သားသမီး မြေးမြစ်တစ်စု၊ ဒေါ်ဖန်ရင်အား ရည်စူး၍ သမီး မအေးအေးမြင့်–ကိုကြင်စန်း၊ မညွှန့်ညွှန့်–ကိုအေးသောင်း မိသားစု၊ ဦးဇော်ဝေ၊ ဒေါ်စန်းစန်းတင် မိသားစုများ၊ ဦးစိန်ဌေး၊ သမီးမအိအိလွင်၊ ဦးချစ်ဟန်(လ/ထ အထွေထွေမန်နေဂျာ–ငြိမ်း၊ သစ်ထုတ်လုပ်ရေး)–ဒေါ်ချိုချိုမြင့်မိသားစု၊ ဦးဇော်မင်းသန့် (ဒါရိုက်တာ၊ ZIN-9 Trading, Industrials Export & Import Co.,Ltd.)၊ ဦးဖေဦး–ဒေါ်နွယ်နွယ် မိသားစု၊ ဖခင်ဦးဘွန်ရှိန်၊ မိခင် ဒေါ်မြင့်မြင့်၊ အစ်မကြီး ဒေါ်တင်စိန်၊ မောင်ဖြစ်သူ မောင်မောင်သန်းအားရည်စူး၍ ကျန်ရစ်သူမိသားစု၊ ခင်ပွန်း ဦးစံရွှေ၊ ဘကြီးဦးစံအေး၊ ဦးငြိမ်းဖဲ၊ မြေးလေး ဂူးဂူးအား ရည်စူး၍ ကျန်ရစ်သူမိသားစု၊ ဒေါ်ပညာစာရီနှင့် ဦးလှအောင်၊ ဒေါ်အေးအေးမြင့် မိသားစု၊ ဦးအောင်ဝင်း–ဒေါ်မြင့်ကြည် သားသမီးတစ်စု၊ ဦးခင်မောင်မြင့်–ဒေါ်စန်းစန်းမြင့် သားသမီးတစ်စု (မဟာမြိုင်အထူးကုဆေးခန်း)၊ ဦးညွှန့်တင်အား ရည်စူး၍ ဒေါ်အေးမိသားစု၊ ဦးကြည်အေး (ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ငြိမ်း) ဇနီး ဒေါ်ခင်ခင်ဆွေ မိသားစု၊ ဦးမြင့်လင်း–ဒေါ်ခင်ညွန့် မိသားစု၊ ဦးလင်းမောင်သော်–ဒေါ်ခင်မာကြည် မိသားစု၊ ဦးတင်မောင်နိုင် (KOL Globle Co.,Ltd.)၊ ဒေါ်လှချိုနှင့် ဒေါ်မြင့်မြင့်ဝေ၊ ဦးဇော်မျိုးနိုင် (Aspidin Co.,Ltd.)နှင့် ဒေါ်နုနုရီ၏ (၅၃)နှစ်မြောက်မွေးနေ့အလှူတို့က ငွေကျပ်ငါးသိန်းစီ၊ ဦးသီဟအောင်–ဒေါ်ခင်စပယ်မိုး မိသားစု (TAS Co.,Ltd.)က ငွေကျပ်လေးသိန်း၊ ဦးတင်အောင်ဝင်း–ဒေါ်နွယ်နွယ်အုန်း၊ ဦးသောင်း(ခ)ဦးကြူဘိန်တျောင်း၏ မွေးနေ့အလှူ၊ ဦးစောလွင်–ဒေါ်သန်းမြင့် မိသားစု၊ အဘွား ဒေါ်သန်းညွှန့်နှင့် ဦးဝေလင်း–ဒေါ်ခင်ခင်ဝင်း မိသားစုနှင့် မြန်မာ့အလှ ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်တို့က ငွေကျပ်သုံးသိန်းစီ၊ ဖခင် ဦးလှမြင့်အားရည်စူး၍ ဒေါ်ခင်အေးကြည်မိသားစု(တိုင်းရင်းမေဆောက်လုပ်ရေးကုမ္ပဏီ)၊ ဦးစန်းမိသားစုနှင့် ဦးမြင့်သီ–ဒေါ်မြင့်မြင့်စိန် မိသားစု၊ ဒေါ်လေးခင် မိသားစုတို့က ကွယ်လွန်သူ ဦးမိုက်ဝေ–ဒေါ်သိန်း(မော်လမြိုင်)တို့အား ရည်စူး၍ သားသမီးတစ်စု၊ ဦးလှမောင်–ဒေါ်ညွှန့်စိန် မိသားစု၊ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်သန်း၏ဇနီး ဒေါ်သူဇာနွယ်ဦး၊ ဒုတိယရဲအုပ် ကျော်ဇင်လွင်၏ဇနီး ဒေါ်သန်းသန်းနု မိသားစုနှင့် မိခင်ကြီးဒေါ်ဖွားဇုံအား အမှူးထား၍ ဦးခင်မောင်သန်း–ဒေါ်ခင်ခင်သန်း မိသားစုတို့က ငွေကျပ် ၂၅၀၀၀၀စီတို့ကို ပေးအပ်လှူဒါန်းကြရာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများနှင့် ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူးတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

လှူဒါန်းငွေကျပ်သိန်း ၁၄၀၀ ကျော်

ယနေ့အခမ်းအနားသို့ မတက်ရောက်နိုင်သည့် အလှူရှင်များ အပါအဝင် အလှူရှင် ၁၆၈ဦးတို့က လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ်သိန်း ၁၄၉၀ ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက်အလှူရှင်များကိုယ်စား အလှူရှင်တစ်ဦးဖြစ်သူ ဦးတင်မောင်နိုင်က ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

မျှမျှတတဖွံ့ဖြိုးရေး

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲက ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာ

ရှင်းလင်းတင်ပြ

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီး သိန်းညွှန့်ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံ ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် ဦးထိပ်ပန်ဆင်ရမည့် ဒို့တာဝန်အရေးသုံးပါးနှင့် ဦးတည်ချက်များချမှတ်ပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး စီမံကိန်း၊ အထူးဒေသကြီး ၂၄ ခု၏ ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် စီမံကိန်းများကို စနစ်တကျ ချိတ်ဆက်ပေါင်းစပ် အကောင်အထည်ဖော်ကာ ပြည်ထောင်စုကြီးတစ်ရပ်လုံး မျှမျှတတ ဖွံ့ဖြိုးရေးကိုရည်မှန်းပြီး စီမံလုပ်ကိုင် ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံရှိ လူဦးရေ၇၀ ရာခိုင်နှုန်းခန့်နေထိုင်သော အများစုဖြစ်သည့် ကျေးလက်ဒေသနေပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နေရာတွင် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေးနှင့် ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေးတာဝန်ကို စည်ပင်သာယာရေးအဖွဲ့များ၏ အဓိကလုပ်ငန်းတာဝန်များအဖြစ် ထမ်းဆောင်ရန် တာဝန်ပေးအပ်ထားပြီးလည်း ဖြစ်ကြောင်း။

စည်ပင်သာယာရေးဦးစီးဌာနအနေဖြင့် ရေခက်ခဲသော အပူပိုင်းဒေသ တိုင်းသုံးတိုင်းရှိ ကျေးရွာများကို ၁၉၉၉ခုနှစ်က ကွင်းဆင်းစစ်ဆေး စာရင်းကောက်ယူခဲ့ရာ ကျေးရွာပေါင်း ၈၀၄၂ ရွာနှင့် ကျန်ပြည်နယ်နှင့် တိုင်းများမှာ ၁၅၁၈၃ရွာ စုစုပေါင်း ၂၃၂၂၅ရွာတို့အား ရေရရှိရေး ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း သိရှိခဲ့ရကြောင်း။

အပူပိုင်းဒေသ မိုးနည်းရပ်ဝန်းဒေသများ၌ နွေအခါတွင် ရေရရှိရေးကို အဓိကရင်ဆိုင်ပြီး လူမှုဒုက္ခများ ကြုံတွေ့နေရသဖြင့် ရေတစ်စည် ရေတစ်ထမ်း ရရှိရေးအတွက် မနက်မိုးမလင်းမီကတည်းက လေး၊ ငါးမိုင်ခန့်သို့ သွားရောက်၍ ရေခပ်ယူခဲ့ရသဖြင့် နေ့တစ်ဝက်ခန့် အချိန်ကုန်ပြီး အခြားစားသောက်နေထိုင်ရေးအလုပ်များ မဆောင်ရွက်နိုင်ခဲ့သည့်အပြင် ရေရှားပါး၍ တစ်ကိုယ်ရေသန့်ရှင်းမှု မဆောင်ရွက်နိုင်ခြင်းကြောင့် ဝမ်းကိုက်ရောဂါ၊ ဝမ်းပျက် ဝမ်းလျှောရောဂါနှင့် ရေမသန့်ရှင်းမှုကြောင့် ဖြစ်ပွားသောရောဂါများ ဖြစ်ပွားသည်ကို တွေ့ရှိရကြောင်း။

၁၀ နှစ်စီမံကိန်း

သို့ဖြစ်၍ စည်ပင်သာယာရေးဦးစီးဌာနမှ ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေး ၁၀နှစ်စီမံကိန်းကို ၂၀၀၀–၂၀၀၁ခု ဘဏ္ဍာရေးနှစ်မှ စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော် ထောက်ပံ့ငွေ၊ စည်ပင်သာယာရေးအဖွဲ့များ၏ ရန်ပုံငွေ၊ စေတနာရှင်ပြည်သူများက လှူဒါန်းငွေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အစရှိသည့် လူမှုရေးအသင်းအဖွဲ့များနှင့် နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းများမှ ဝိုင်းဝန်းကူညီဆောင်ရွက်နေကြကြောင်း။

လက်တွေ့ခံစား

ထိုသို့ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် စီမံကိန်းကာလစတင်သည့် ၂၀၀၀–၂၀၀၁ခုနှစ်မှ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ် ဖေဖော်ဝါရီလကုန်အထိ အပူပိုင်းဒေသ တိုင်းသုံးတိုင်းဖြစ်သော စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့ရှိ ကျေးရွာပေါင်း ၈၀၄၂ ရွာအနက် ၇၈၉၁ ရွာတွင် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီး၍ ၉၈ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီး ရေခက်ခဲသော ကျေးလက်ပြည်သူ ရှစ်သန်းခန့် နိုင်ငံတော်အစိုးရနှင့် ပြည်သူများ ပူးပေါင်းကူညီမှုအကျိုးကို လက်တွေ့ခံစားနေရပြီဖြစ်ကြောင်း။

အပူပိုင်းဒေသတွင် ရေရရှိရေး ဆောင်ရွက်နေသလို အခြားခက်ခဲသော ပြည်နယ်၊တိုင်းများတွင်လည်း သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် စည်ပင်သာယာရေးအဖွဲ့များက ဆောင်ရွက်ပေးလျက်ရှိရာ ကျေးရွာပေါင်း ၁၅၁၈၃ ရွာအနက် ၉၂၀၆ ရွာအား သန့်ရှင်းသောသောက်သုံးရေရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရှိရပါကြောင်း။

၎င်းအပြင် မြစ်ဝကျွန်းပေါ်ဒေသ၊ ကမ်းရိုးတန်းဒေသများပါမကျန် ရေချိုရရှိရန်ခက်ခဲသောဒေသများတွင် စည်ပင်သာယာရေးအဖွဲ့များက စမ်းသပ်တွင်းများ တူးဖော်လျက်ရှိရာ ရေငန်ဒေသများတွင် အလားအလာကောင်းများ တွေ့ရှိနေကြောင်း သိရှိရသည့်အတွက် ရည်မှန်းချက်များ အောင်မြင်အောင် ကြိုးစားဆောင်ရွက်သွားရန် လိုကြောင်း။

ကျေးဇူးတင်

ပထမအကြိမ်မှ ဒွါဒသမအကြိမ်အထိ အလှူရှင် ၁၇၅၃ဦး လှူဒါန်းငွေ စုစုပေါင်း ကျပ် ၁၄၀၂ ဒသမ ၇၉ သန်း၊ US$ ၇၆၇၅၂၊ EURO ၇၇၀ နှင့် FEC ၁၀၀၁၂တို့ လှူဒါန်းခဲ့သကဲ့သို့ ယခု တေရသမအကြိမ်တွင်လည်း အလှူရှင်များမှ ငွေကျပ်သိန်း ၁၄၀၀ ကျော်ကို လှူဒါန်းထားကြောင်း သိရှိရသည့်အတွက် စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ဝန်ကြီးဌာန၏ လမ်းညွှန်ချက်၊ ဦးစီးဌာန၏ညွှန်ကြားချက်များနှင့်အညီ စေတနာရှင်အလှူရှင်များ ကြည်နူးပီတိပွားနိုင်အောင် စက်ရေတွင်းနှင့်ရေကန်များကို ယခုထက် ပိုမိုအောင်မြင်အောင် ကြိုးစားဆောင်ရွက်သွားကြရန်နှင့် တူးဖော်ပြီးခဲ့သော စက်ရေတွင်းများကိုလည်း ရေရှည်သုံးစွဲနိုင်အောင် ပြည်သူများနှင့် ပူးပေါင်းအသိပညာပေး ထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

အလှူရှင်များ၏ လှူဒါန်းငွေကို ကိန်းဂဏန်းများဖြင့် ဖော်ပြနိုင်သော်လည်း စေတနာ၊ သဒ္ဓါအားမှာ မဖော်ပြနိုင်အောင် ကြီးမားနေသည်ဟု ယုံကြည်မိကြောင်းနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပြည်သူများက ယခုလို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမှုကို နိုင်ငံတော်ကိုယ်စား ကျေးဇူးတင်ရှိပြီး မှတ်တမ်းတင် ဂုဏ်ပြုကြောင်းဖြင့် ပြောကြားသည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အလှူရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန၏ ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံ ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် ဦးထိပ်ပန်ဆင်ရမည့် ဒို့တာဝန် အရေးသုံးပါးနှင့် ဦးတည်ချက်များ ချမှတ်ပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး စီမံကိန်း၊ အထူးဒေသကြီး ၂၄ ခု၏ ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် စီမံကိန်းများကို စနစ်တကျ ချိတ်ဆက်ပေါင်းစပ် အကောင်အထည်ဖော်ကာ ပြည်ထောင်စုကြီး တစ်ရပ်လုံး မျှမျှတတဖွံ့ဖြိုးရေးကို ရည်မှန်းပြီး စီမံလုပ်ကိုင် ဆောင်ရွက်လျက်ရှိ။

The Commerce Journal အတွဲ(၇)၊ အမှတ်(၆)ဖြန့်ချိ

ရန်ကုန် မတ် ၂၁

The Commerce Journal အတွဲ(၇)၊ အမှတ်(၆)ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။

အဆိုပါ ဂျာနယ်တွင် UMFCCI Office Tower အဆောက်အအုံသစ်ဖွင့်လှစ်၊ Golden Land ကုမ္ပဏီ မကြာခင်ရှယ်ယာများခေါ်မည်။ ဆေးဝါးအချို့ ဈေးနှုန်းအဆမတန်ကြီးမြင့်ရသည့် အကြောင်းရင်း၊ ထိုင်းနိုင်ငံသို့ ကြက်သွန်နီနှင့် ကြက်သွန်ဖြူ တင်သွင်းမှုအပေါ် သတင်းလွှာထုတ်ပြန်၊ နယ်စပ်စခန်းအသီးသီးမှ တင်သွင်းနိုင်တဲ့ ဓာတ်မြေသြဇာ ဈေးနှုန်းများ၊ ကိုရီးယားနှင်မည့် ကပ်စေးနဲသီး၊ ဖီးကြမ်းငှက်ပျော ဈေးကွက်၊ စီးပွားရေးတွက်ခြေကိုက်တဲ့ ကုလားအော်ရတ်၊ တောင်ကိုရီးယား ဈေးကွက်ဝင် မြန်မာ့ဂေါ်ဖီထုပ်အခြောက်များ၊ ပြည်ပပို့ကုန် ကျောက်ငါး၊ ပို့ကုန်အမယ်သစ် လဲမှို့ဈေးကွက်၊ မြန်မာ့စဥ့်အိုး မြဝတီနယ်စပ်မှ တင်ပို့၊ ငရုတ်ကောင်း ဈေးကွက်၊ e-library နှင့် ခေတ်လူငယ် website ဖွင့်လှစ်၊ ယော့ဆုနှင့် အွန်ဟယ်တို့ သတင်းများနှင့်အတူ မောင်စူးစမ်း၊ ဦးဟန်ထွန်း၊ အောင်သင်း၊ ကြည်ရွှန်း၊ ကျွန်းသားငမန်း၊ မောင်မောင်ရီ(ဘောဂဗေဒ)၊ မောင်ပုဆိုးကြမ်း၊ ကြည်ခင်၊ ဟန်မင်းထက်တို့၏ စီးပွားရေးဆောင်းပါးများ၊ ပို့ကုန်သွင်းကုန်ဈေးနှုန်းများ၊ ပြည်တွင်းပြည်ပ ဈေးကွက်သတင်းများ၊ နယ်စပ်ကုန်သွယ်ရေးသတင်းများ၊ ရန်ကုန်မြို့၏စားကုန်နှင့်လူသုံးကုန်ဈေးနှုန်း စာရင်းဇယားများ၊ ဗေဒင်၊ ဟာသများဖြင့် ဝေဝေဆာဆာ ထုတ်ဝေဖြန့်ချိထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးလေဝသအခြေအနေ

၂၂-၃-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် သာယာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

မန္တလေး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် သာယာမည်။

(၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် တကယ့်အဖြစ်အပျက်ကို အခြေခံရိုက်ကူးထားသည့် "အဖေတူသား" ရုပ်မြင်သံကြားဇာတ်လမ်းထုတ်လွှင့်မည်

တပ်မတော်ကြည်း၊ ရေ၊ လေနဲ့ လက်ရုံးတပ်ဖွဲ့တွေ၊ အရန်အင်အားတွေ အပါအဝင် ပြည်သူတွေရဲ့ ပေါင်းစည်းမှုအားနဲ့ တိုက်ပွဲအောင်မြင်ခဲ့မှုကို ဖော်ပြထားတာပါ။

ဝတ္ထုဇာတ်လမ်းရေးသားသူ- တင်အောင်စိုး (ပန်းမြို့တော်)

တွေ့ဆုံမေးမြန်းသူ – မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ –တင်စိုး (မြန်မာ့အလင်း)

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုရိုက်ကူးထားသော **"အဖေတူသား"** ရုပ်မြင်သံကြားဇာတ်လမ်းမြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့မှ မကြာမီ ထုတ်လွှင့်ပြသတော့မည်

မိုးယံ(ထွန်းထွန်း)နှင့် လဝန်းခင် (သက်မွန်မြင့်) တို့၏ သရုပ်ဆောင်ကွက်ကလည်း သဘာဝကျလှသည်။

ဆိုသည့်သတင်း ပြည်သူများအကြား ပျံ့လွင့်လျက်ရှိနေသည်။

မည်ကဲ့သို့သော ဇာတ်လမ်း ဖြစ်သည်၊ မည်သူတွေ ပါဝင်သရုပ်ဆောင်ထားကြသည်၊ တိုက်ပွဲခန်းတွေ မည်မျှပါသည် စသည့် အကြောင်းအရာများကိုလည်း အချင်းချင်းပြောဆိုနေကြချိန်ဖြစ်ရာ **"အဖေတူသား"** ရုပ်မြင်သံကြားဇာတ်လမ်း ရေးသားခဲ့သူ မြဝတီစာပေတိုက်မှ ဗိုလ်ကြီးတင်အောင်စိုး[ကလောင်အမည်-တင်အောင်စိုး (ပန်းမြို့တော်)]အား တွေ့ဆုံ မေးမြန်းခဲ့သည်။

"တကယ့်ဖြစ်ရပ်မှန်ကိုအခြေခံပြီး ကျောရိုးယူဇာတ်လမ်းပုံဖော်ခဲ့တာပါ။ ဒီဇာတ်လမ်းကိုပိုမိုခိုင်မာပြီး ကျစ်လျစ်ဖို့အတွက် ဒါရိုက်တာအကယ်ဒမီပန်းချီစိုးမိုး၊ ဇာတ်

မူဆယ်မြို့မှ ကြက်ခြေနီလူငယ် စိုင်းထွန်းအောင် (နေမျိုးအောင်)နှင့် သော်တာခင်ဦး(နန္ဒာလှိုင်)တို့၏သရုပ်ဆောင်မှု ဇာတ်ဝင်ခန်းတစ်ခန်း။

ညွှန်းနှင့်တွဲဖက်ဒါရိုက်တာထပ်ဆင့်အကယ်ဒမီငြိမ်းမင်းတို့က ဝိုင်းဝန်းပြင်ဆင် ပေးကြပါတယ်။ ဒီရုပ်မြင်သံကြား ဇာတ်လမ်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ နိုင်ငံတော်ကာကွယ်ရေးအတွက် တပ်မတော်ကြည်း၊ ရေ၊ လေနဲ့ လက်ရုံးတပ်ဖွဲ့တွေ၊ အရန် အင်အားတွေနဲ့ ပြည်သူလူထု ပူးပေါင်းပြီး ပေါင်းစည်းမှုအားနဲ့ အောင်ပွဲရရှိခဲ့တာကို ပြသတဲ့ဇာတ်လမ်း ပါ"ဟုတင်အောင်စိုး (ပန်းမြို့တော်)က ရှင်းပြသည်။

တင်အောင်စိုး (ပန်းမြို့တော်)သည် ငယ်စဉ်ကပင် တပ်မတော်မိသားစုမှ ကြီးပြင်းလာသူဖြစ်ပြီး အရွယ်ရောက်လာသော အချိန်၌လည်း တပ်မတော်သားတစ်ဦးဖြစ်လာခဲ့ရာ တပ်မတော်သားတစ်ဦး၏ဘဝ၊ ရုန်းကန်လှုပ်ရှားရမှုများ၊ ပင်ပန်းကြမ်းတမ်းမှုများကို ကိုယ်တိုင်သိမြင် ခံစားခဲ့ရသူဖြစ်သဖြင့် ယခု **"အဖေတူသား"** ဝတ္ထုကို ပီပြင်စွာ ရေးဖွဲ့နိုင်ခဲ့သူ ဖြစ်သည်။

"ဒီဇာတ်လမ်းထဲမှာ တပ်မတော်သားတွေနဲ့အတူ ပါရမီဖြည့်ဘက်တွေရဲ့ အကြောင်းတွေ ပါတယ်။ တပ်မတော်သားတွေနဲ့ အိမ်ထောင်ပြုခဲ့တဲ့ အမျိုးသမီးတွေရဲ့ဘဝဟာ ခက်ခဲကြမ်းတမ်းမှုနဲ့ ထူးခြားလေးနက်မှုတွေရှိတယ် ဆိုတာလဲ ထည့်သွင်းထားပါတယ်"ဟု တင်အောင်စိုး(ပန်းမြို့တော်)က ပြောကြားသည်။

တပ်မတော်သားဘဝ

(၆၂)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု ရုပ်မြင်သံကြားဇာတ်လမ်းဖြစ်သည့် **"အဖေတူသား"** တွင် စည်းကမ်း၊ စနစ်ကျသည့် တပ်မတော်သားဘဝ၊ တိုင်းပြည်ကို ချစ်မြတ်နိုးသည့်အပြင် မိသားစုကိုလည်း ချစ်မြတ်နိုးသည့် တပ်ကြပ်ကြီးတစ်ဦး၏ ဘဝအကြောင်းကို အခြေခံရိုက်ကူးထားခြင်း ဖြစ်သည်။

တပ်ကြပ်ကြီး ရဲတင့်၏ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ဝင်းသော် (ဇင်ဝိုင်း)၏ စစ်ဆင်ရေးအတွက် စီစဉ်ညွှန်ကြားနေမှု ဇာတ် ဝင် ခန်း တစ်ခန်း။

တပ်ကြပ်ကြီးရဲတင့်(အကယ်ဒမီလူမင်း)နှင့် ဇနီးဖြစ်သူ မြနှင်းဆီ (အကယ်ဒမီ ပန်းဖြူ)တို့၏ သား ပြည်ငြိမ်းအေး (ငယ်စဉ်ဘဝ)ဟဲဗီးဖြိုး၊(လူကြီးဘဝ)အကယ်ဒမီမင်းမော်ကွန်းတို့အား အဓိကအားပြု ဇာတ်အိမ် ဖွဲ့ထားသည်။ တပ်ကြပ်ကြီးရဲတင့်က သူ့သားကို သူ့ထက်သာပြီးသူ့ထက်ပိုတော်သောသားကောင်း၊ သားမြတ်တစ်ဦး ဖြစ်စေချင်သဖြင့် ငယ်စဉ်ကပင် အလေ့အကျင့်ကောင်းများရရှိအောင် သွန်သင်ဆုံးမခဲ့သည်။ စိတ်ဓာတ်ရေးရာအရလည်း ပြုစုပျိုးထောင်ပေးခဲ့သည်။

စွန့်စွန့်စားစား

တပ်ကြပ်ကြီး ရဲတင့်သည် ၁၉၈၆ခုနှစ်က ဖြစ်ပွားခဲ့သော စီစီဝမ်-တာပန်ဒေသ စခန်းသိမ်းတိုက်ပွဲတစ်ခု၌ ရှုပ်ရှုပ်ချုံချုံ ပါဝင်တိုက်ခိုက်ခဲ့သည်။ တိုက်ပွဲ၏အရေးပါသော အလှည့်အပြောင်းတစ်ခုတွင် စွန့်စွန့်စားစား တာဝန်ထမ်းဆောင်ခဲ့သည်။

တပ်ကြပ်ကြီးရဲတင့်၏ တိုက်ပွဲအတွင်း သရုပ်ဆောင်မှုများကား ပီပီပြင်ပြင် ထိထိမိမိ ရှိလှသည်။ နိုင်ငံတော်ကို ချစ်မြတ်နိုးစိတ်၊ စွန့်လွှတ်စွန့်စားစိတ်များကား ချီးကျူးဖွယ်ရာ ကောင်းလှသည်။ တိုက်ပွဲကြီး အောင်မြင်အောင် ဒေသခံပြည်သူများ၊ ကြက်ခြေနီများ၊ ကျန်းမာရေး ဝန်ထမ်းများက မည်သူ၏ တိုက်တွန်းနှိုးဆော်မှုမျှ မရှိဘဲ တပ်မတော်သားများအား ထမင်းထုပ်များပေးဝေမှု၊ ဒဏ်ရာရ တပ်မတော်သားများအား ဆေးရုံသို့ကူညီသယ်ဆောင်ပေးမှုများအပြင် အစစအရာရာ ကူညီပေးခဲ့ကြပုံများကို တကယ့်အဖြစ်အပျက်အတိုင်း ရိုက်ကူးတင်ပြထားသည်မှာ သည်းထိတ်ရင်ဖိုဖြစ်ရသလို ကျေနပ်စရာလည်း ကောင်းလှသည်။

အားမာန်

ဇနီးဖြစ်သူမြနှင်းဆီ(အကယ်ဒမီပန်းဖြူ)က တပ်မတော်သားတစ်ဦး၏ ဇနီးပီပီ လောကဓံကို ကြံ့ကြံ့ခံပြီး သားဖြစ်သူကို လူတစ်လုံးသူတစ်လုံးဖြစ်အောင် မည်သည့်အကူအညီမျှမယူဘဲ ကျွေးမွေးစောင့်ရှောက်ခဲ့ပုံ၊ အခက်အခဲများကို ရင်ဆိုင်ကျော်လွှားခဲ့ရပုံများကလည်း အားမာန်အပြည့် ရှိလှသည်။

သားဖြစ်သူ ပြည်ငြိမ်းအေး (မင်းမော်ကွန်း)ကလည်း သူ့ဖခင် ပြုစုခဲ့သလို စည်းစနစ်ကျပြီး ထက်မြက်သည့် လူငယ်တစ်ဦးဖြစ်လာပုံ၊ မိခင်ဖြစ်သူ(ပန်းဖြူ)က သူ့ဖခင်လို တိုင်းပြည်ချစ်တဲ့ သူရဲကောင်းတစ်ဦးဖြစ်စေချင်သော်လည်း ခွဲခွာရမည်ကို မလိုလားသည့် မိခင်တစ်ဦး၏ သောကဖြစ်ရပုံများ၊ နောက်ပိုင်း စစ်တက္ကသိုလ်သို့ တက်ဖြစ်ခဲ့ရပုံများကိုလည်း ရသမြောက်စွာ တင်ပြထားသည်။

အံဝင်ခွင်ကျ

ဇာတ်လမ်း၌ ပြည်ငြိမ်းအေး၏ လူငယ်ဘဝ သူငယ်ချင်းများဖြစ်သော မိုးယံ(ထွန်းထွန်း)နှင့် လဝန်းခင်(သက်မွန်မြင့်)တို့၏သရုပ်ဆောင်မှုများကလည်း ဇာတ်ကားနှင့် အံဝင်ခွင်ကျရှိပြီး အားထည့်ကြိုးစားထားမှုများကို တွေ့ရသည်။

စီစီဝမ်-တာပန်ဒေသ တိုက်ပွဲဖြစ်ပွားနေမှု ဇာတ်ဝင်ခန်းကလည်း သည်းထိတ်ရင်ဖိုစရာ။

လူမှုရေးစိတ်ဓာတ်

ထို့အပြင် တပ်ကြပ်ကြီးရဲတင့်၏ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ဝင်းသော်(အကယ်ဒမီ ဇင်ဝိုင်း)၊ ဇနီးဖြစ်သူ ခင်ခင်ဦး (အကယ်ဒမီ မေသဥ္ဇာဦး)နှင့်သမီးဖြစ်သူသော်တာခင်ဦး(အကယ်ဒမီနန္ဒာလှိုင်) တို့ကလည်း မိမိတို့၏ကျရာဇာတ်ရုပ်ကို အပီအပြင် သရုပ်ဆောင်နိုင်ကြသည်။ တစ်ဖန် မူဆယ်မြို့မှ ကြက်ခြေနီလူငယ် စိုင်းထွန်းအောင်(နေမျိုးအောင်)၏ လူမှုရေးစိတ်ဓာတ်အပြည့်ရှိသည့် လူငယ်တစ်ဦး၏ သရုပ်ဆောင်မှုများကိုလည်းတွေ့မြင်ရမည်ဖြစ်သည်။

ရိုက်ကွင်းနေရာ

ဇာတ်ကား ရိုက်ကွင်းများကိုလည်း စီစီဝမ်-တာပန်ဒေသ၊ မြစ်ကြီးနား၊ ကလော၊ အင်းလေး၊ မိတ္ထီလာ၊ အောင်ပန်း စသည့်နေရာစုံ၌ ရိုက်ကူးထားသဖြင့် တကယ့်နေရာစုံ၊ ထောင့်စုံအောင် တင်ပြထားသည်ကို ရှုစားကြရမည် ဖြစ်သည်။ ပြည်ငြိမ်းအေး(မင်းမော်ကွန်း)နှင့် သော်တာခင်ဦး(အကယ်ဒမီနန္ဒာလှိုင်)တို့၏ ငယ်စဉ်ဘဝအခန်း

ပြည်ငြိမ်းအေး (မင်းမော်ကွန်း)နှင့် သော်တာခင်ဦး(နန္ဒာလှိုင်)တို့၏ သရုပ်ဆောင်မှု။

များ၊ အရွယ်ရောက်သည့်အခါ ပြန်လည်ဆုံတွေ့ကြသည့် အခန်းများကလည်း ပရိသတ်နှစ်သက်စရာများပင် ဖြစ်သည်။

ထို့အပြင် တိုက်ပွဲတစ်ခု၌ ပြည်ငြိမ်းအေး (မင်းမော်ကွန်း) ဒဏ်ရာရရှိပြီးမေ့မြောနေချိန် ဖခင်ဖြစ်သူ တပ်ကြပ်ကြီး ရဲတင့်နှင့် တိုက်ပွဲအတူ တိုက်နေမှုကို စိတ်ရောက်သွားသည့်အခန်းကား အိပ်မက်ဖြစ်သော်လည်း စိတ်လှုပ်ရှားစရာကောင်းသော ဇာတ်ဝင်ခန်းအဖြစ် တွေ့မြင်ကြရမည်ဖြစ်သည်။

ဟာကွက်မရှိ

တိုက်ပွဲခန်းများကို တစ်ဝကြီးကြည့်ရှုကြရမည်ဖြစ်ပြီးစစ်ဘက်ဆိုင်ရာ ဇာတ်ညွှန်းများကိုလည်း ဝတ္ထုရေးသားသူ တင်အောင်စိုး (ပန်းမြို့တော်)က ဒါရိုက်တာ အကယ်ဒမီ ပန်းချီစိုးမိုးနှင့်အတူ ဇာတ်ကားအစအဆုံး ကူညီရေးသားပေးခဲ့သဖြင့် ပရိသတ်များကို ဟာကွက်မရှိအောင် ရသစုံပေးစွမ်းနိုင်မည် ဖြစ်သည်။

သို့ဖြစ်ရာ(၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု ရုပ်မြင်သံကြားဇာတ်လမ်း ဖြစ်သည့် **"အဖေတူသား"** ကား ပြည်သူများကြည့်ရှု အားပေးနိုင်ရန်အတွက် မကြာမီ ရက်ပိုင်းအတွင်း ထုတ်လွှင့်တော့မည်ဖြစ်ပါကြောင်း သတင်းကောင်း ပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မြန်မာ့အာမခံလုပ်ငန်း တိုင်းမန်နေဂျာရုံး အဆောက်အအုံသစ်ဖွင့်ပွဲ တိုင်းမှူးပိုလ်မှူးချုပ်ဝေလွင်နှင့် ဝန်ကြီးပိုလ်ချုပ်လှထွန်း တက်ရောက်

နေပြည်တော် မတ် ၂၁

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း တိုင်းမန်နေဂျာရုံး အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော်ရှိ မြန်မာ့အာမခံလုပ်ငန်း အဆောက်အအုံသစ်၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလွင်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဌာနဝန်ကြီးဗိုလ်ချုပ်လှထွန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌဦးသန်းညိန်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

ဖွင့်လှစ်

ရှေးဦးစွာ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင်နှင့် ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဇော်တို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ပက်ဖျန်း

ထို့နောက် နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က မြန်မာ့အာမခံလုပ်ငန်း တိုင်းမန်နေဂျာရုံး အဆောက်အအုံသစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းတို့က အဆောက်အအုံသစ်ကို နံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က အမှာစကား ပြောကြားသည်။

ကျယ်ကျယ်ပြန့်ပြန့်

ဆက်လက်၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်း **(အပေါ်ပုံ)**က အာမခံလုပ်ငန်းမှပြည်သူ့အကျိုးအတွက် ဆောင်ရွက်ပေးနိုင်မှုကို ဌာနဆိုင်ရာနှင့် ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ပြီး အာမခံအကာအကွယ်ကိုရယူနိုင်စေရန်အတွက် အချက်အချာကျသည့် ဒေသများတွင် ပြည်နယ်၊တိုင်း၊ ခရိုင်ရုံးများ ဖွင့်လှစ်ပေးနေခြင်းဖြစ်ကြောင်း၊ မြန်မာ့အာမခံလုပ်ငန်းအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူများ အကျိုးအတွက် အာမခံလုပ်ငန်းအသစ်များကို တိုးချဲ့လက်ခံဆောင်ရွက်နေခြင်းကြောင့် ဝင်ငွေလျာထားချက်ထက် နှစ်စဉ်ကျော်လွန်အောင် ရှာဖွေနိုင်သည်ကိုလည်း တွေ့ရှိရကြောင်း၊ မြန်မာ့အာမခံလုပ်ငန်းအနေဖြင့် နိုင်ငံတော်၏ စီးပွားရေး ရည်မှန်းချက်များ ပြည့်မီစေရန် တစ်ဖက်တစ်လမ်းမှ အကောင်အထည်ဖော်ဆောင်ရွက်ရင်း ဒေသခံပြည်သူများ အကျိုး၊ ဒေသအကျိုး ဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် အကျယ်တဝင့် ပြောကြားသွားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင်က မြန်မာ့အာမခံလုပ်ငန်း သမိုင်းကြောင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေများ၊ ရုံးအဆောက်အအုံသစ် ဖွင့်လှစ်ရခြင်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှု

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များသည် မြန်မာ့အာမခံလုပ်ငန်း တိုင်းမန်နေဂျာရုံး အဆောက်အအုံသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကွယ်လွန်သူ ဒေါ်ချိုချိုအား ရည်စူး၍ ရန်ကုန်တိုင်း ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်း အမှတ်(၁၄)စီနေဗိုလ်မှူးကြီးသန်းမောင်(ငြိမ်း) မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူတော်ငွေကျပ် ၁၅၀၀၀၀ ကို အနုနာယက ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ပင်မ) ဥက္ကဋ္ဌဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

အလက(၉)အင်းစိန် အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၂၁

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အမှတ်(၉) အလက (ယခင်) စိန်ဈေးတွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသူ ကျောင်းသားဟောင်းများ တွေ့ဆုံပွဲနှင့် အငြိမ်းစားယူသွားကြသော ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဧပြီရက်(တနင်္ဂနွေနေ့) နံနက်၉နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။ အလှူငွေပါဝင်လှူဒါန်းလိုသူများသည် ဒေါ်နန်းအီဗာ(အလက–၉၊ အင်းစိန်၊ ကျောင်းအုပ်ကြီး) ဖုန်း–၆၄၀၁၆၉၊ ဦးခင်ချို ဖုန်း–၀၉–၅၁၃၃၁၀၂၊ ၆၆၃၉၁၁၊ ဒေါ်ညွန့်ညွန့်စိန် ဖုန်း–၆၆၆၈၆၅၊ ဦးမြတ်စိုး ဖုန်း–၆၆၆၅၁၅၊ ဒေါ်စီစီမာ ဖုန်း–၆၄၃၈၇၉၊ ဒေါ်အေးမိမိထွေး ဖုန်း–၆၄၃၈၇၉၊ ဒေါက်တာယုယုလွင် ဖုန်း–၅၆၅၇၉၆နှင့် ဦးတင်ထွန်းဦး ဖုန်း–၂၅၅၁၁၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မွန်ပြည်နယ် ကြက်ခြေနီ ဖွံ့ဖြိုးရေးအသင်းကြီးမှူး အခြေခံ ကြက်ခြေနီရေးသင်တန်းဆင်း

ရန်ကုန် မတ် ၂၁

မွန်ပြည်နယ်နှင့် သထုံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းတို့က ကြီးမှူးဖွင့်လှစ်သော အခြေခံကြံ့ခိုင်ရေးသင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်းပွဲကို မတ်၁၅ရက် နံနက် ၉နာရီက သထုံမြို့ သုဝဏ္ဏခန်းမ ဆောင်၌ကျင်းပရာ မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းနာယက အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်သက်နိုင်ဝင်း တက်ရောက် အမှာစကား ပြောကြားသည်။

ယင်းနောက် ထူးချွန်ဆုနှင့် သင်တန်းဆင်းလက်မှတ်ချီးမြှင့်ပွဲကို ကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းက ပထမဆုရ သထုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ မောင်ထွန်းထွန်းလင်း**(အပေါ်ပုံ)** ဒုတိယဆုရ ပေါင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ မခင်သူဇာလွင်နှင့် တတိယဆုရ ဘီးလင်းမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ မောင်အောင်ဝင်းသန်းတို့အားလည်းကောင်း ဆုများပေးအပ်ပြီး သင်တန်းဆင်းလက်မှတ်များကို မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးတင်စိုးမိုးနိုင်က ပေးအပ်ချီးမြှင့်သည်။ **(သတင်းစဉ်)**

ကျွန်းလေးတောင် သုံးလူ့ထွဋ်ခေါင်အောင်စေတီ ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

မွန်ပြည်နယ် ဘီးလင်းမြို့နယ် တောင်စွန်းတိုက်နယ် ဆံတော်ရှင်ကေလာသတောင်၏ တောင်ဘက်အနီး ကျွန်းလေးတောင်–သုံးလူ့ထွဋ်ခေါင် အောင်စေတီ၏ (၂၂) ကြိမ်မြောက် ဗုဒ္ဓပူဇနီယကျင့်စဉ် ဓမ္မပူဇော်ပွဲကို ဧပြီ၃ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဗုဒ္ဓဒေသနာ သင်တန်းပို့ချမည်

ဆရာဦးဌေးအောင်(မဟာသဒ္ဓမ္မဇောတိကဓဇ)၏ စနစ်သစ် လေ့လာနည်းဖြင့် သင်ကြားပေးသော ဗုဒ္ဓဒေသနာ သင်တန်းကို ဧပြီ ၁ ရက်မှ ၁၀ ရက်အထိ (ပထမပိုင်း)နှင့် ဧပြီ ၂၀ ရက်မှ ၂၉ ရက်အထိ(ဒုတိယပိုင်း)ကို နေ့စဉ် နံနက် ၇ နာရီခွဲမှ ၉ နာရီခွဲအထိလည်းကောင်း၊ သင်္ကြန်တွင်း နာမ်ရုပ်တရားစခန်းကို ဧပြီ ၁၃ ရက်မှ ၁၇ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄နာရီအထိလည်းကောင်း၊ ဗုဒ္ဓနည်း နာမ်ရုပ်လေ့ကျင့်ရေး အလုပ်စခန်းကို မေ ၃ရက်မှ ၁၁ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ လည်းကောင်း ဓမ္မဒါနပို့ချပေးမည်ဖြစ်ရာ ရှင်သာမဏေ ဓမ္မဗိမာန် အာဇာနည်လမ်း ဗဟန်းမြို့နယ် ဖုန်း–၃၈၇၃၆၁သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

နေ့ရာသီ ဝိပဿနာ ၁၀ ရက်တရားစခန်း

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ် (၅)ရပ်ကွက် ကမာရွတ်ဘူတာနောက်ကျော ပြည်တွင်းပြည်ပ မဟာစည်နာယက ဓမ္မကထိက ဗဟုဇနဟိတဓရ ဖြူးဆရာတော်ကြီး၏ သတ္တမအကြိမ် နေ့ရာသီ မဟာစည်မဟာသတိပဋ္ဌာန်ဝိပဿနာ ၁၀ ရက်တရားစခန်းပွဲကို ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာ အတွင်း၌ (၁၃၆၈ ခုနှစ် တန်ခူးလပြည့်ကျော် ၁၂ရက်) ဧပြီ ၁၃ရက်မှ (၁၃၆၉ခုနှစ် ကဆုန်လဆန်း ၇ရက်) ဧပြီ၂၂ရက်အထိ မဟာ သတိပဋ္ဌာန် ဝိပဿနာ အလုပ်ပေးတရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုကြသောယောဂီများသည် ဧပြီ ၁၂ ရက် နောက်ဆုံးထား၍ ဖုန်း–၀၁–၅၃၀၁၆၈၊ ၀၁–၅၀၁၈၄၆ (လိုင်းခွဲ–၁၈၁) ၀၉–၅၀–၁၇၅၅၄ တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ပဋ္ဌာန်းနိဿယ ပူဇော်ပွဲ

ရန်ကုန် ရွှေကြက်ယက်ဆရာတော်ကြီး အမှူးထားသော သံဃာတော် အရှင်မြတ်များသည် (တန်ခူးလဆန်း ၇၊ ၈ ရက်) မတ် ၂၄၊ ၂၅ ရက်တွင် ဒုတိယဗိုလ်မှူးကြီး တင်လေးမောင်–ဒေါ်သဇင်မိသားစု ၅ လွှာ ဥက္ကလာပဆောင် ဗိုလ်ချို(၂)ရပ်ကွက်တွင်လည်းကောင်း၊ (တန်ခူးလဆန်း ၉၊ ၁၀ ရက်) မတ် ၂၆၊ ၂၇ ရက်တွင် မောင်လှိုင်ထွန်း–မသီသီအောင် (၁၃)ရပ်ကွက် တောင်ဥက္ကလာပမြို့တွင်လည်းကောင်း ပဋ္ဌာန်းရွတ်ဖတ်ပူဇော်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့အလင်း ပြည်တွင်း သတင်း အတိုအထွာ

(၆၂)နှစ်မြောက် တပ်မတော်နေ့ကြိုဆိုဂုဏ်ပြု မိတ္ထီလာတွင် ကတ္တရာလမ်းသစ်များဖွင့်

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆–၂၀၀၇ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးခဲ့သည့် မိတ္ထီလာမြို့ ပေါက်ချောင်းရပ်ကွက်(၃)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲနှင့် ကျီတော်ကုန်းရပ်ကွက် ဘုရင့်နောင်လမ်းနှင့် မြရတနာဆက်သွယ်သည့် ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်များ ဖွင့်ပွဲအခမ်းအနားကို မတ် ၁၇ရက် နံနက်က အဆိုပါလမ်း မင်္ဂလာမုခ်ဦးများ၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးခင်မောင်ဌေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

ချောက်မြို့နယ်အသင်း သက်ကြီးပူဇော်မည်

ချောက်မြို့နယ်အသင်း (ရန်ကုန်)က ကြီးမှူးကျင်းပမည့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် ချောက်မြို့နယ်အသင်း(ရန်ကုန်)၏(၂၁)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကြီးကို ဧပြီ ၁ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရွှေတိဂုံဘုရား ဗဟန်းမုခ် ကြားတောရလမ်းမပေါ်ရှိ တရားရုံးချုပ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ချောက်မြို့နယ်အသင်းဝင်များနှင့် ချောက်မြို့နယ်သားအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်။

မြဝတီမြို့ အမက(၅)ကျောင်းဆောင်သစ် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်

ကရင်ပြည်နယ် မြဝတီမြို့ ၄ရပ်ကွက် အမှတ်(၅) အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မတ်၁ရက်က အဆိုပါ ကျောင်းဆောင်ခန်းမတွင် ကျင်းပရာ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ဆွေညွန့်က ကျောင်းဆောင်သစ် ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ကျောင်းအကျိုးတော်ဆောင် အတွင်းရေးမှူး ဦးစိုးမြင့်က မြို့နယ်ပညာရေးမှူး ဒေါ်မြမြသီသို့ လွှဲပြောင်းပေးအပ်သည်။ အဆိုပါကျောင်းဆောင်သစ်သည် အလျား ၄၆ပေ၊ အနံ၂၆ပေရှိပြီး ငွေကျပ် ၃၂၈၃၃၅၀ ကုန်ကျခဲ့ကြောင်း သိရသည်။

မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲ

မကွေးတိုင်း မင်းတုန်းမြို့နယ် သမိုင်းဝင် ဘုရားကြီးသုံးဆူ ဂေါပကအဖွဲ့က ကြီးမှူး၍ ဆရာတော်ဦးသောပနက ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်ကို ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မတ်၂ရက်က အမှတ်(၂)ရပ်ကွက် သမိုင်းဝင်ဘုရားကြီးသုံးဆူဓမ္မာရုံ၌ ခုနစ်ရက်တရားစခန်းပွဲ ဖွင့်လှစ်ကျင်းပကြောင်း သိရသည်။

မြင်းခြံစည်ပင် ရုံးလုပ်ထုံးလုပ်နည်း သင်တန်းဖွင့်

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးလုပ်ထုံးလုပ်နည်းသင်တန်း အမှတ်စဉ်(၁/၂၀၀၇)ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၇ရက်က အဖွဲ့ရုံးခန်းမတွင် ကျင်းပရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးလေးလွင်က အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းမှာ ရက်သတ္တနှစ်ပတ်ဖြစ်ပြီး စာရေးအဆင့်ဝန်ထမ်း ၂၈ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ဖယ်ခုံပြည်သူ့ဆေးရုံ စုပေါင်း သန့်ရှင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)ဖယ်ခုံမြို့နယ် ပြည်သူ့ဆေးရုံတွင် ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၇ နာရီက နယ်မြေခံ တပ်နယ် မိသားစုများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများက ဆေးရုံဝင်းအတွင်း သန့်ရှင်းရေး စုပေါင်းဆောင်ရွက်ကြရာ ဗိုလ်မှူးချုပ်မျိုးအေးနှင့်တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက် ကုသနေသူ လူနာများအား အားပေးစကား ပြောကြားခဲ့ပြီး ချို့တဲ့လူနာရှစ်ဦးတို့ကို ထောက်ပံ့ကူညီခဲ့သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဆိပ်ကမ်းကုန်တင်ကုန်ချလုပ်ငန်းများ သွက်လက်မှန်ကန်မြန်ဆန်ရေးနှင့် စွမ်းအားပြည့်ဆောင်ရွက်နိုင်ရေး မှာကြား

ရန်ကုန် မတ် ၂၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် မတ် ၁၉ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ရုံးချုပ်)၌ ဆိပ်ကမ်းကုန်တင်ကုန်ချလုပ်ငန်းများ သွက်လက်မှန်ကန်မြန်ဆန်ရေးနှင့် စွမ်းအားပြည့်ဆောင်ရွက်နိုင်ရေး ကော်မတီနှင့် တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဖြည့်ဆည်းမှာကြားသည်။

တက်ရောက်

တွေ့ဆုံပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ဆိပ်ကမ်းကုန်တင်ကုန်ချလုပ်ငန်းများ သွက်လက်မှန်ကန်မြန်ဆန်ရေးနှင့် စွမ်းအားပြည့် ဆောင်ရွက်နိုင်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်တင်ငွေနှင့် ကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား ဆိပ်ကမ်းကုန်တင်ကုန်ချလုပ်ငန်းများ သွက်လက်မှန်ကန် မြန်ဆန်ရေးနှင့် စွမ်းအားပြည့်ဆောင်ရွက်နိုင်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်တင်ငွေက ကော်မတီဖွဲ့စည်းပုံ၊ လုပ်ငန်းတာဝန်များနှင့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်နိုင်မှု အခြေအနေ၊ နှစ်အလိုက် သွင်းကုန်ပို့ကုန် သေတ္တာအရေအတွက်၊ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်မှု အခြေအနေ၊ ကုန်သေတ္တာလုံခြုံမှု စစ်ဆေးခြင်းနှင့် စစ်ဆေးခကောက်ခံရရှိမှုအခြေအနေနှင့် လေလံတင်ရောင်းချမှု အခြေအနေများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဋ္ဌေးက ရန်ကုန်မြစ်၏ အတွင်းစည်းခံ၊ အပြင်စည်းခံ ရေလမ်းကြောင်းသောင်တူးဖော်မှုလုပ်ငန်းများ အခြေအနေနှင့် စက်သုံးဆီရရှိသုံးစွဲမှုအခြေအနေများကို အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆိပ်ကမ်းကုန်တင်ကုန်ချလုပ်ငန်းများ သွက်လက်မှန်ကန်မြန်ဆန်ရေးနှင့် စွမ်းအားပြည့် ဆောင်ရွက်နိုင်ရေး ကော်မတီ၏ လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်သည့် ကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် အဖွဲ့ဝင်များနှင့်အတူ ဗိုလ်တထောင်မြို့နယ်ရှိ အမှတ်(၃) ဗိုလ်အောင်ကျော်တံတား ကုန်သေတ္တာဆိပ်ကမ်းသို့ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

သွက်လက်မြန်ဆန်

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့သည် အမှတ်(၃) ဗိုလ်အောင်ကျော်တံတား ကုန်သေတ္တာဆိပ်ကမ်း၌ ပို့ကုန်သွင်းကုန်ပစ္စည်းများ စစ်ဆေးနေမှုနှင့် X-Ray Machine ဖြင့် ကုန်သေတ္တာများ စစ်ဆေးမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းများ ဆောင်ရွက်ရာတွင် မှန်မှန်ကန်ကန်ဖြင့် သွက်လက်မြန်ဆန်မှုရှိရေး မှာကြားသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့သည် အမှတ်(၅) ဆူးလေတံတား၌ ကုန်တင်ကုန်ချ ဆောင်ရွက်နေမှုများနှင့် ပြည်ပမှတင်သွင်းလာသည့် ဘိလပ်မြေများ သင်္ဘောမှ ချနေမှု၊ ကုန်သေတ္တာများ ရောက်ရှိတင်ပို့မှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့သည် အလုံမြို့နယ်ရှိ အေးရှားဝေါလ် ဆိပ်ကမ်းတံတား၌ ကုန်သေတ္တာများကို X-Ray Machine ဖြင့် စစ်ဆေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ဖြည့်ဆည်းမှာကြားပြီး ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အလုံမြို့နယ်ရှိ အေးရှားဝေါလ် ဆိပ်ကမ်းတံတား၌ ကုန်သေတ္တာများအား X-Ray Machine ဖြင့် စစ်ဆေးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မြစ်ကြီးနား–ဝိုင်းမော်–ဆဒုံး လမ်းဖောက်လုပ်မှုအခြေအနေများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၁

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်းနှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် မတ် ၁၉ ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့မှ ဝိုင်းမော်မြို့သို့ မော်တော်ယာဉ်များဖြင့်ထွက်ခွာကြရာ နံနက် ၆ နာရီခွဲတွင် ဝိုင်းမော်မြို့ အမှတ်(၃)ရပ်ကွက်အနီးရှိ မြစ်ကြီးနား–ဝိုင်းမော်–ဇန်းမော်ကားလမ်း၊ ၎င်းမှ ချီဖွေသို့လည်းကောင်း၊ ဆဒုံးသို့လည်းကောင်း ဆက်သွယ်ထားသော ကားလမ်းဆုံသို့ ရောက်ရှိစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဝိုင်းမော်မြို့နယ် အကျဉ်းဦးစီးဌာန၏ နွေစပါးစိုက်ကွင်း၌ မြေသြဇာကြဲပက်ခြင်း၊ တမန်းနှိုးခြင်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ဝိုင်းမော်မြို့ လမ်းဆုံမှ ဝိုင်းမော်–ဆဒုံးကားလမ်းအတိုင်း ဆက်လက်ထွက်ခွာကြရာ ဝိုင်းမော်မြို့နယ် ဝါရှောင်ကျေးရွာရှိ ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန၏ ဝါရှောင်ဒေသ နွေစပါးဧက ၂၃၀ စိုက်ကွင်းသို့ ရောက်ရှိရာ ဝိုင်းမော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ဒုတိယရဲမှူး သောင်းဖေက ဝါရှောင်ရေလွှဲဆည်မှ ဆည်ရေဖြင့် ၂၀၀၅–၂၀၀၆ ခုနှစ်တွင် နွေစပါး ၇၀၂ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၀၆–၂၀၀၇ ခုနှစ်တွင် ၂၁၁၆ ဧကစိုက်ပျိုးရန် လျာထားချက်အပေါ် ၂၁၁၈ ဧက စိုက်ပျိုးနိုင်ခဲ့မှု၊ နွေစပါး တိုက်ရိုက်အစေ့ချ စံပြစိုက်ကွက်၊ နွေစပါးကြဲပက်စိုက်ပျိုးကွက်နှင့် ပျိုးထောင်စိုက်ကွက်များ အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ဌာနဆိုင်ရာများအနေဖြင့် ဒေသခံ တောင်သူလယ်သမားများအား အထွက်နှုန်းမြင့်မားပြီး ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်စပါးများ ရွေးချယ်စိုက်ပျိုးကြရေး လက်တွေ့စိုက်ကွင်းများဖြင့် ပညာပေး ပြသစည်းရုံးဆောင်ရွက်သွားကြရန် မှာကြားပြီး အကျဉ်းဦးစီးဌာန နွေစပါးစိုက်ကွင်း၌ မြေသြဇာကြဲပက်ခြင်း၊ တမန်းနှိုးခြင်း ဆောင်ရွက်နေမှုနှင့် ဝါရှောင်ဆည်ရေဖြင့် နွေစပါးစိုက်ပျိုးထားသော တောင်သူများ၏ စပါးစိုက်ခင်းများနှင့် စိုက်ပျိုးရေယူ မြောင်းများကိုလည်း ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဝါရှောင်ဆည်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူး ဦးခင်မောင်ချစ်က ဝါရှောင်ရေလွှဲဆည် တည်ဆောက်ခဲ့မှု နောက်ခံသမိုင်း၊ ရေလွှဲဆည်ကို ပြုပြင်ထိန်းသိမ်းနေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က နန့်မြင်းခချောင်းအတွင်းမှ ရေကို ပင်မရေမြောင်းသို့ တိုက်ရိုက်သွယ်ယူ၍ ရေပေးမြောင်းများကို ပြန်လည်ပြင်ဆင်ကာ ဆည်ရေသောက်ဧက အပြည့်ရေပေးနိုင်မည့် အစီအစဉ်ကို ရှင်းလင်းတင်ပြသည်။

မှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ဆည်ရေသောက်ဧက အပြည့်အဝပေးနိုင်ရေး စနစ်တကျအစီအမံများကို ချမှတ်ဆောင်ရွက်ရန်နှင့် ဝါရှောင်ရေလွှဲဆည်၏ ဆည်ရေသောက်ဧကထပ်မံ တိုးတက်ရေးအတွက်လည်း ဆက်လက် စီမံဆောင်ရွက်သွားရန် မှာကြားသည်။

ရေသွယ်ယူ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် နန့်မြင်းခချောင်းမှ ရေကို ပင်မရေမြောင်းအတွင်း သွယ်ယူသည့် ရေမြောင်းနှင့် နန့်မြင်းခချောင်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ချောင်းနှင့်မြောင်းတို့ကို ယာယီရေတားတမံဖြင့် ရေလွှဲယူမှု လက်လုပ်ဆည်အစား အခိုင်အမာရေလွှဲဆည်ဖြင့် ရေသွယ်ယူခြင်းစနစ် ဆောင်ရွက်ရန် မှာကြားသည်။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့

မိုးကုတ် ဓမ္မပူဇာသဘင်

ရန်ကုန် မတ် ၂၁

ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်းနှင့် မြောက်ဒဂုံမြို့နယ် ၃၀ ရပ်ကွက် သီရိအောင်မြေဓမ္မာရုံ ဥပါသကာအဖွဲ့တို့ ပူးပေါင်းစီစဉ်သည့် မိုးကုတ် ဓမ္မပူဇာ တရားပွဲအဖြစ် သာကေတမြို့ အောင်စကြာဆရာတော် အရှင်စန္ဒသီရိ(ဓမ္မာစရိယ)၊ အောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ (မဟာကမ္မဋ္ဌာနာစရိယ)၊ ညောင်ပင်သာဆရာတော် အရှင်မာလာစာရ(ဓမ္မာစရိယ) အရှင်သူမြတ်များက မတ် ၂၄ ရက်မှ ၂၆ ရက်အထိ မြောက်ဒဂုံမြို့နယ် ၃၀ ရပ်ကွက် စစ်တောင်းလမ်း သီရိအောင်မြေဓမ္မာရုံ၌ သစ္စာလေးပါးနှင့် ပဋိစ္စသမုပ္ပာဒ် တရားတော်များကို ဟောကြားမည်ဖြစ်ရာ ညစဉ် ၇ နာရီမှစ၍ တရားနာယူနိုင်ကြောင်း သိရသည်။

(က–ပ)

ပျောက်ဆုံးခြင်း

ကျွန်တော် ဦးဒါဝုဒ်ပိုင် တိုယိုတာပတ်ဘလစ်ကာ ခ/၅၀၆၇ ၏ အခွန်ပြေစာနှင့်အခွန်ဆောင်ပုံစံ(၁)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါ၍ တွေ့ရှိကပြန်လည် ပေးပို့ပါရန်။

အမှတ် ၂၃၉၊ လမ်း ၃၀၊ ပန်းဘဲတန်းမြို့နယ်။

စာမျက်နှာ ၁၂ မှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ဝါရှောင်ရေလွှဲဆည်၏ မြောင်းမကြီးရေထိန်းတံခါးနှင့် ရေလွှဲဆည်ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဝါရှောင်ရေလွှဲဆည်အနီး မြစ်ကြီးနား-ဝိုင်းမော်-ဆဒုံး-ကန်ပိုက်တီး လမ်းပိုင်းပေါ်ရှိ နန့်မြင်းခချောင်းကူးတံတား တည်ဆောက်နေသည့်နေရာသို့ ရောက်ရှိကြပြီး တံတား၏တိုင်များစိုက်ထူရန် တိုင်ကျင်းများ တူးဖော်နေမှု၊ တံတားတိုင်များ တည်ဆောက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး မြစ်ကြီးနား-ဝိုင်းမော်-ဆဒုံးကားလမ်း လမ်းပိုင်းကို ကျောက်နှင့် ကတ္တရာအပြီးသတ်ခင်းကျင်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် ချီဖွေမြို့နှင့် ဆဒုံးမြို့ လမ်းဆုံသို့ ရောက်ရှိကြပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြား၍ မိုင်တိုင်(၃)၌ တောင်ကြောဖြတ် လမ်းဖောက်လုပ်မှု အခြေအနေနှင့် မြေထိန်းနံရံကျောက်စီထားမှု၊ ရေမြောင်းများ ဆောင်ရွက်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝါရှောင်ရွာမှ မိုင်တိုင်(၆)သို့ရောက်ရှိပြီးစက်ယန္တရားများဖြင့် ကျောက်ရောကတ္တရာ ခင်းကျင်းနေမှုနှင့် မိုင်တိုင်(၈)တွင် သဲကျောက်ဖြင့် ခင်းကျင်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ချောင်းကူးတံတားစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် လမ်းတစ်လျှောက် လမ်းတည်ဆောက်ပြီးစီးမှုနှင့် မြေထိန်းနံရံများ တည်ဆောက်ထားမှု အခြေအနေတို့ကို မော်တော်ယာဉ်များဖြင့်ကြည့်ရှုစစ်ဆေးပြီး ဘွန်တောင်ရွာအနီးရှိ နမ့်မြစ်ခချောင်းကူးကွန်ကရစ်တံတားသို့ ရောက်ရှိစစ်ဆေးသည်။

ထို့နောက် ဆက်လက် ထွက်ခွာကြရာ နမ္မလိချောင်းကူး ကွန်ကရစ်တံတားသို့ ရောက်ရှိကြပြီး တံတားတည်ဆောက်ထားမှု အခြေအနေကိုလည်းကောင်း၊ ဆဒုံးမြို့အဝင်အနီးရှိ ကွန်ကရစ်ကျောက် ကတ္တရာဖျော်စက်၌ ကတ္တရာများ၊ ကျောက်သဲများ စုပုံထားရှိမှုနှင့် ကွန်ကရစ်ကျောက် ကတ္တရာ ရောစပ်နေမှု အခြေအနေများကို လည်းကောင်း၊ လမ်းပိုင်း တစ်လျှောက် ကျောက်ရောကတ္တရာ ခင်းကျင်းပြီးသည့် လမ်းပိုင်းများ၊ ကျောက်ရောမြေသား ခင်းကျင်းပြီးသည့် လမ်းပိုင်းများ၊ အမာခံမြေသား ခင်းကျင်းပြီးစီးသည့် လမ်းပိုင်းများကိုလည်းကောင်း မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးပြီး ဆဒုံးမြို့သို့ ရောက်ရှိကြသည်။

ဒေသဖွံ့ဖြိုးရေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဆဒုံးမြို့ရှိ အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ဆဒုံးမြို့ရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ရှင်းလင်းမှာကြားသည်။

ရှေးဦးစွာ ဆဒုံးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကျော်သူက ဆဒုံးမြို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်နိုင်မှု အခြေအနေများကို လည်းကောင်း၊ ဆဒုံးမြို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက် ဆောင်ရွက်ချက်များကို လည်းကောင်း ရှင်းလင်း တင်ပြကြပြီး ရပ်မိရပ်ဖများက လိုအပ်ချက်များ တင်ပြကြကာ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထောက်ပံ့

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ဆဒုံးမြို့ရှိ အခြေခံပညာ ကျောင်းသားများအတွက် ကျောင်းသုံး ဗလာစာအုပ်များကို ဆဒုံးမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ဆရာမ ဒေါ်ခါးဆန့်သို့ လည်းကောင်း၊ ဆဒုံးမြို့၌ တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအတွက် အဝတ်အထည်များကို ဝန်ထမ်းကိုယ်စား မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဦးစီးဌာနမှူး ဦးသော်ဇင်အား လည်းကောင်း အသီးသီး ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆဒုံးမြို့ ဆေးရုံသို့ရောက်ရှိကြရာ ဒေါက်တာ အောင်ကျော်စိုး၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဆေးရုံအဆောက်အအုံအသစ် ဆောက်လုပ်ရေး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆဒုံးမြို့မှ ဆဒုံး-ဝိုင်းမော်- မြစ်ကြီးနား လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် မြစ်ကြီးနားမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

မိုးယံမှကြယ်ခရီးစဉ်အဖွဲ့ဝင်များ ပူတာအိုခရိုင် တဟွန်ဒမ်းနှင့်ဂူဘားဒေသတို့သို့ရောက်ရှိ

ရန်ကုန် မတ် ၂၁

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် မြန်မာနိုင်ငံ ခြေလျင်နှင့်တောင်တက်အဖွဲ့တို့၏ မိုးယံမှကြယ် ခရီးစဉ်အဖွဲ့ဝင်များသည် စည်းရုံးရေးနှင့် ခရီးရှည်လမ်းလျှောက်ခြင်းခရီးစဉ်အဖြစ် ကချင်ပြည်နယ် ပူတာအိုခရိုင်သို့ သွားရောက်ခဲ့ကြရာ မတ်၁၈ရက်တွင် မြန်မာနိုင်ငံ၏မြောက်ဘက် အစွန်ဆုံးကျေးရွာများဖြစ်သော တဟွန်ဒမ်းနှင့် ဂူဘားကျေးရွာတို့သို့ ရောက်ရှိကြသည်။

ရောက်ရှိ

မိုးယံမှကြယ်ခရီးစဉ်အဖွဲ့ဝင်များသည် ပူတာအိုမှခြေလျင်ခရီး ထွက်ခွာခဲ့ရာ မတ်၅ရက်တွင် နမ်ဆဘွမ်းရွာ၊ ၆ရက်တွင် မဇစခန်း၊ ၈ရက်တွင် နောင်မွန်၊ ၉ရက်တွင် ရပ်ဘော့ကျေးရွာ၊ ၁၀ရက်တွင် လန်ဆာထုကျေးရွာ၊ ၁၁ရက်တွင် ကော်လဲ့ရွာ၊ ၁၂ရက်တွင် ပန်နန်းဒင်မြို့၊ ၁၃ရက်တွင် ငဝါရွာ၊ ၁၄ရက်တွင် ဂဝိုင်ရွာနှင့် ၁၅ရက်တွင် ဒဇွန်ဒမ်းရွာသို့ ရောက်ရှိကြသည်။

ထို့နောက် အဖွဲ့နှစ်ဖွဲ့ခွဲ၍ ဆက်လက် ထွက်ခွာခဲ့ကြရာ ၁၆ရက်တွင် အဖွဲ့(၁)သည် တဆုထုရွာသို့ လည်းကောင်း၊ အဖွဲ့(၂)သည် တဟွန်ဒမ်းရွာသို့လည်းကောင်း ရောက်ရှိကြသည်။

မတ်၁၇ရက်တွင် အဖွဲ့(၁)သည် ခရောင်းကျေးရွာသို့လည်းကောင်း၊ အဖွဲ့(၂)သည် ဂူဘားရွာသို့ လည်းကောင်း၊ ၁၈ရက်တွင် အဖွဲ့(၁)သည် ခရောင်းကျေးရွာမှ တဟွန်ဒမ်းရွာသို့ ရောက်ရှိကြသည်။

ပေးအပ်

မိုးယံမှကြယ် ခရီးစဉ်အဖွဲ့ဝင်များသည် ခရီးစဉ်တစ်လျှောက် ဒေသခံပြည်သူများနှင့် ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံကြပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူသုံးကုန် ပစ္စည်းများဖြစ်သော မိုးကာစ၊အနွေးထည်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်ဝတ်စုံများ၊ ကက်ဆက်နှင့် တိပ်ခွေများ၊ ဗီဒီယိုခွေများ၊ မျိုးစေ့များ၊ စားသုံးကုန်နှင့် လူသုံးကုန် ပစ္စည်းများနှင့် ကျေးလက်မီးလင်းရေးအတွက် လိုအပ်သော ရေအားလျှပ်စစ် တာဘိုင်များ ပေးအပ်ကြသည်။

ဆောင်ရွက်ပေး

ထို့ပြင် ကျေးလက်ကျန်းမာရေးအတွက်လိုအပ်သော ဆေးဝါးများ ပေးအပ်ပြီး မိုးယံမှကြယ် ခရီးစဉ်အဖွဲ့ဝင် ပါမောက္ခချုပ် ဒေါက်တာခင်မေအုန်း ဦးစီးသော ဆရာဝန်များက လူနာ၄၀၀ခန့်အား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် လိုအပ်သော ဆေးဝါးများကုသမှုများဆောင်ရွက်ပေးခဲ့သည်။

ခရီးနှင်ပြီး

မိုးယံမှကြယ်ခရီးစဉ်အဖွဲ့ဝင်များအား ခရီးစဉ်တစ်လျှောက် ကျေးရွာများမှ လှိုက်လှဲစွာ ကြိုဆိုခဲ့ကြပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်အဆိုပြုလွှာများ ပေးအပ်ကြသည်။ တဟွန်ဒမ်းနှင့် ဂူဘားရွာများသည် မြန်မာနိုင်ငံ မြောက်ပိုင်း၏ အစွန်ဆုံးကျေးရွာများဖြစ်ပြီး ၎င်းရွာများ၏ မြောက်ဘက်တွင် ရေခဲများဖုံးလွှမ်းနေသော ခါကာဘိုရာဇီ တောင်တန်းများသာရှိသည်။ မိုးယံမှကြယ် ခရီးစဉ်အဖွဲ့ဝင်များသည် ခြေလျင်ခရီးမိုင်ပေါင်း ၁၄၅မိုင်ကျော် ခရီးနှင်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပွင့်ဖြူမြို့နယ်၌ မီးလောင်

ရန်ကုန် မတ် ၂၁

မကွေးတိုင်း ပွင့်ဖြူမြို့နယ် ဖလန်းတောကျေးရွာအုပ်စု လက်ပံတောကျေးရွာ၌ မတ်၂၀ရက် ညနေ၄နာရီခန့်တွင် မီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွားခဲ့ရာ အိမ်သုံးလုံး မီးလောင်ဆုံးရှုံးခဲ့ပြီး လူ၁၅ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၃-၂၀၀၇ (ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	နားလည်လေလေ ကြည်ညိုလေ တရားတော် (ဓမ္မဒူတအရှင်ဆေကိန္ဒဆရာတော်) (အပိုင်း-၁)
၇း၅၅	ပြည်တွင်းအနုပညာရေးရာ
၈း၂၅	တေးဂီတအစီအစဉ်
၈း၃၀	ပြည်သူတွေအားထား ဖျာပုံတံတား
၉း၀၀	ပြည်တွင်းသတင်းအကျဉ်း
၉း၁၀	အနုပညာရပ်ဝန်းမှ ပွဲတင်သံများ (ငါ့ဓား၊ ငါ့သွေး၊ ငါ့ဧရာဝတီ)
၉း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀	သာစုခေါ်စေမည့် ဒါနပါရမီ
၁၀း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၅	ယနေ့သိပ္ပံနှင့်နည်းပညာ
၁၀း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅	ဖက်ရှင်အလှနေ့စဉ်ဘဝ(အပိုင်း-၁)
၁၁း၀၅	မိုးလေဝသခန့်မှန်းချက်
၁၁း၁၀	MRTV-4 ကျန်းမာရေးကဏ္ဍ (ခံတွင်းကင်ဆာရောဂါအကြောင်း) (ပါမောက္ခ ဒေါက်တာဦးကိုကိုမောင်နှင့် တွေ့ဆုံခြင်း)
၁၁း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀	မီးအပူပေးပြုပြင်ခြင်းနည်းပညာ
၁၁း၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၂း၀၅	ကြာဖက်ပေါ်ကရေ (ရာဇာနေဝင်း၊ စိုးမြတ်နန္ဒာ) (ဒါရိုက်တာ-မောင်မျိုးမင်း)
၁၂း၁၅	တေးဂီတအစီအစဉ်
၁၂း၂၀	မြစိမ်းရောင် ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း (ဝက်မွေးမြူရေးလုပ်ငန်း)
၁၂း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၃၅	တေးဂီတအစီအစဉ်
၁၂း၄၀	မြွေအန္တရာယ်နှင့် မြွေကိုက်ခံရလျှင် လိုက်နာဆောင်ရွက်သင့်သည့် အချက်များ
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆နာရီစာအစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ် မွန်းလွဲ၁နာရီမှ ည၇နာရီအထိ တစ်ကြိမ်၊ ည၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့

၂၀၀၇ ခုနှစ် မတ်(၂၄)ရက်

WORLD TB DAY

24-3-2007

တီဘီရောဂါကင်းဝေးဖို့ အားလုံးမနေးဆောင်ရွက်စို့

TB ANYWHERE IS TB EVERYWHERE

ကျန်းမာရေးဝန်ကြီးဌာန

မတ် ၂၁ရက်က အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမ၌ကျင်းပသော တတိယအကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလားနှင့် (၃၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ခြင်းလုံးခတ်ပြိုင်ပွဲ၌ ပြည်နယ်နှင့်တိုင်း အမျိုးသားပြိုင်ပွဲတွင် ပထမဆုရရှိသွားသည့် ရန်ကုန်တိုင်းအသင်းအား ဆုယူအပြီး တွေ့ရစဉ်။ (မြန်မာ့အလင်း)

ရန်ကုန်တိုင်း ကမာရွတ် မြို့နယ် ပြည်လမ်း မာလာလမ်းသွယ် အမှတ် (၆၁၇/၃)နေ ဦးထွန်းထွန်းလှိုင် မွေးနေ့ အလှူအဖြစ် ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာ တော်ကြီး၏ တိပိဋကကျောင်းတော် ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ငါးသိန်းကို တိပိဋကဓရ ဆရာတော် ဘဒ္ဒန္တကုဏ္ဍာစရိယထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ညောင်တုန်းမြို့သို့ ပင့်ဆောင်ကြိုဆို

ညောင်တုန်း မတ် ၁၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၀၇)ဖြင့် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ နိုင်ငံတော် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းမြို့ ပုဏ္ဏာမာရာမ ဈေးကျောင်းတိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တသြဘာသာဘိဝံသအား ညောင်တုန်းမြို့သို့ ပင့်ဆောင်ကြိုဆိုပွဲကို မတ် ၄ရက်က စည်ကားခမ်းနားစွာ ကျင်းပခဲ့သည်။

ဂုဏ်ပြုကြိုဆို

ညောင်တုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်တင်နှင့် အဖွဲ့ဝင်များ၊ သာသနာရေးဆိုင်ရာ အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်ဝတ်ရွတ်အဖွဲ့ဝင်များနှင့်မြို့မိမြို့ဖများစုပေါင်း၍ ကား ၄၁ စီးဖြင့် ကမ္ဘာအေးကုန်းမြေသို့ သွားရောက်၍ ဆရာတော်အား လိုက်လှဲစွာဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

ဆင်ယင်ကျင်းပမည်

ထို့နောက် ညောင်တုန်းမြို့ ဈေးကျောင်းဓမ္မာရုံတွင် ရေစက်ချတရား ဟောကြားသည်။ **(အောက်ပုံ)** ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား မြို့နယ်အဆင့် ဂုဏ်ပြုပူဇော်ပွဲကို ခမ်းနားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(ဝ၄၈)**

ဖူးပွင့်ငုံစာကြည့်တိုက် လုပ်ငန်းဆောင်ရွက်မှုများ ရှင်းလင်း စာအုပ်များပေးအပ်လှူဒါန်းပွဲ တောင်ငူ၌ကျင်းပ

တောင်ငူ မတ် ၁၆

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်သည် မတ် ၁၁ ရက် နံနက် ၁၀ နာရီက တောင်ငူခရိုင်ရုံး စာကြည့်တိုက်ခန်းမတွင် တောင်ငူခရိုင်နှင့် မြို့နယ်ရုံး၊ မြို့ရုံးများမှ ဦးစီးမှူးများ၊ တောင်ငူ ခရိုင်ရုံးမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဒီဇေးရွာဂျာနယ်ဖြန့်ဝေမှုစနစ် မှန်ကန်ရေး၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ခိုင်မာရှင်သန်ရေး လုပ်ငန်းစဉ်များကို မှာကြားသည်။

အဆိုပါ အခမ်းအနားတွင် ပဲခူးတိုင်း (အရှေ့ပိုင်း) လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင်၊ ခရိုင်ဦးစီးအရာရှိ ဦးသန်းဌေးနှင့် ခရိုင်အောက်ရှိ မြို့နယ် ရှစ်မြို့နယ်မှ မြို့နယ်ဦးစီးမှူးများက ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ၂၀၀၆-၂၀၀၇ ခုနှစ်အတွင်း ခိုင်မာရှင်သန်ရေး ဆောင်ရွက်နေမှု အခြေအနေများကို တင်ပြရာ တင်ပြချက်များအပေါ် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်က လိုအပ်သည်များ မှာကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ တောင်ငူမြို့နယ် ဆိတ်ဖူးတောင်အုပ်စု သပြေလှကျေးရွာ ဖူးပွင့်ငုံ စာကြည့်တိုက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ကျေးရွာစာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးကျင်လှက ဖူးပွင့်ငုံစာကြည့်တိုက်၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်က ကျေးရွာစာကြည့်တိုက် ခိုင်မာရှင်သန်ရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး ဖူးပွင့်ငုံ စာကြည့်တိုက်သို့ စာအုပ်များပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးကျင်လှက လက်ခံရယူသည်။ **(ခရိုင် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

မတ် ၆ရက်က ရှမ်းပြည်နယ် (တောင်ပိုင်း)ဆီဆိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ် ကြီးကြပ်မှုဖြင့် ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ပညာပေး မြေစိုက်ပိုစတာကို မြို့နယ်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာနေစိုးနှင့် ရုံးဝန်ထမ်းအဖွဲ့တို့က ပြည်သူများ လေ့လာကြည့်ရှုနိုင်ရန် ဆီဆိုင်မြို့မ စည်ပင်သာယာဈေးကြီးရှေ့တွင် စိုက်ထူပေးကြစဉ်။ (ဝ၄၈)

အပူဒဏ်ကာကွယ်ရေး နှိုးဆော်ချက်(၂)

ဆေးရုံသို့ အမြန်ပြသပါ။

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက် နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ထွန်းတောက် မှန်လုံကားလိုင်းသစ် တိုးချဲ့ဖွင့်လှစ်

တမူး မတ် ၁၀

ထွန်းတောက် မှန်လုံးကားအသင်း၏ အဆင့်မြင့် လူစီးသီးသန့် (တီဗွီ၊ ရေခဲသေတ္တာပါ) တမူး-မုံရွာ၊ တမူး-မန္တလေး ယာဉ်လိုင်းသစ် တိုးချဲ့ဖွင့်လှစ်ပွဲ အခမ်းအနားကို မတ်၁၀ရက် နံနက်၈နာရီက တမူးမြို့ဗိုလ်ချုပ်လမ်းပေါ်ရှိ မြို့နယ်စည်ပင်သာယာ ဈေးတိုက်တန်း ထွန်းတောက်ကားဂိတ်ရှေ့တွင် ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဖေဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝေလင်းနှင့် ခရိုင်၊ မြို့နယ် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ထွန်းတောက် ကားအသင်းဥက္ကဋ္ဌ ဦးဝင်းစိုး (မုံရွာ)နှင့် ဂိတ်ဝန်ထမ်းများ၊ ယာဉ်ပိုင်ရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ၊ မြို့နယ်ဥက္ကဋ္ဌနှင့် ကားအသင်းဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါ ထွန်းတောက် မှန်လုံကားအသင်းသည် ကလေး-မန္တလေး-ကလေး ခရီးစဉ်ပြေးဆွဲနေရာမှ တိုးချဲ့ခရီးစဉ်အဖြစ် တမူး-မုံရွာ၊ တမူး-မန္တလေး ခရီးစဉ်ကို မတ် ၁၀ရက်မှစ၍ စတင်ပြေးဆွဲပြီး တမူး-မန္တလေး ယာဉ်စီးခနှုန်းမှာ ငွေကျပ် ၁၀၀၀၀နှင့် တမူး-မုံရွာ ယာဉ်စီးခနှုန်းမှာ ငွေကျပ် ၉၀၀၀ ဖြစ်သည်။ တမူးမှ နံနက် ၉နာရီနှင့် မန္တလေးမှ ညနေ ၃နာရီ နေ့စဉ်ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတု ပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါ အချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရ အေးမြသောနေရာများတွင်နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည် သောက်ပါ။
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင် လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်

ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ဓာတ်ပုံနှင့် ကွန်ပျူတာပန်းချီ/ပိုစတာပြိုင်ပွဲများဖိတ်ခေါ်

ရန်ကုန် မတ် ၂၁

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပပြုလုပ်မည့် ၂၀၀၇ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ဓာတ်ပုံနှင့် ကွန်ပျူတာပန်းချီ/ပိုစတာပြိုင်ပွဲအတွက် စာမူနှင့်လက်ရာများအား ဖိတ်ခေါ်ပါသည်။

ပြိုင်ပွဲအတွက်သတ်မှတ်ထားသော စည်းကမ်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့က ကြီးမှူးကျင်းပပြုလုပ်မည့် ၂၀၀၇ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေး အထိမ်းအမှတ်နေ့အတွက် မူးယစ်ဆေးဝါး ထုတ်လုပ်သုံးစွဲမှုပပျောက်ရေး ဦးတည်ရည်ရွယ်လျက် အနုပညာရသမြောက်စွာ ဖွဲ့ဆိုသီကုံး၊ ရေးဆွဲ ရိုက်ကူးရမည့် ဦးတည်ချက်ဆောင်ပုဒ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) မူးယစ်ကိုပြစ် ပန်းတိုင်သစ်၊ စိတ်သစ် လူသစ် ဘဝသစ်

(ခ) အမှိုက်ကစ ပြာသာဒ်မီးလောင်၊ မူးယစ်ဆေးကို ဝေးဝေးရှောင်

(ဂ) မူးယစ်ကင်းစင် ကျန်းမာမှုတန်ဖိုးရှိလှ လူငယ်ဘဝ

(၂) **ဝတ္ထုတို** ပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာ ထားရှိ၍ စာမူကို ကွန်ပျူတာဖြင့် ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ၊ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းနှင့် မိတ္တူပေါင်းနှစ်စောင် တင်သွင်းရမည်။ စာလုံးရေ ကန့်သတ်ချက်မှာ ၃၀၀၀ မှ ၅၀၀၀အတွင်း ဖြစ်ပါသည်။

(၃) **ဆောင်းပါး**ပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာ ထားရှိ၍ စာမူကို ကွန်ပျူတာဖြင့် ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ၊ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းနှင့် မိတ္တူ ပေါင်းနှစ်စောင် တင်သွင်းရမည်။ စာလုံးရေ ကန့်သတ်ချက်မှာ ၃၀၀၀ မှ ၅၀၀၀ အတွင်း ဖြစ်ပါသည်။

(၄) **တေးသီချင်း**ပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာထားရှိ၍ တစ်ဦးချင်း (သို့မဟုတ်) အဖွဲ့နှင့်သီဆိုနိုင်သော တေးသီချင်းဖြစ်ပြီး ပရိသတ် နားစွဲလွယ်သော ကိုယ်ပိုင်သံစဉ်တေးသွားသီချင်းသစ်ဖြစ်ရမည်။ သံစဉ်ရော စာသားပါ အကြောင်းအရာတင်ပြပုံ၊ ဦးတည်ချက်မှန်ကန်၍ စကားလုံး ကျစ်လျစ်ထိရောက်ရပါမည်။ ပြိုင်ပွဲဝင်မည့် တေးသီချင်းကို ကက်ဆက်ခွေဖြင့် အသံသွင်းပြီး ပြိုင်ပွဲဝင်တစ်ဦးလျှင် တေးသီချင်းတစ်ပုဒ်သာ ယှဉ်ပြိုင်ခွင့်ပြုပါမည် ပြိုင်ပွဲဝင်မည့် အပြီးသတ် အချောသွင်းထားပြီးဖြစ်သော ကက်ဆက်ခွေ Master (သို့) CD Masterနှင့်အတူ စာသားကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်နှိပ်စက်ဖြင့်ဖြစ်စေ၊ မိတ္တူနှစ်စောင်ကို ဂီတသင်္ကေတ မူရင်းတစ်ရွက်နှင့်အတူ ပေးပို့ရမည်။

(၅) **ကဗျာ**ပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာထားရှိ၍ စာမူကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ၊ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းမိတ္တူပေါင်းနှစ်စောင် တင်သွင်းရမည်။ ပြိုင်ပွဲဝင်ကဗျာသည် စပ်ထုံး စပ်နည်းမှန်ကန်ပြီး စာကြောင်းရေ ၅၀ မှ ၁၀၀ အတွင်းရှိရမည်။

(၆) **ကာတွန်း၊ ပန်းချီ၊ ပိုစတာ**ပြိုင်ပွဲနှင့် ပတ်သက်၍ အသက် ၁၀နှစ်အောက်၊ ၁၀နှစ်မှ ၁၅နှစ်အောက်၊ ၁၅ နှစ်မှ ၂၀ အောက်၊ အသက်၂၀ နှင့် အထက်ဟူ၍ လေးဆင့်ယှဉ်ပြိုင်ခွင့်ပြုပါသည်။ အသက်အထောက်အထားအတွက် သက်ဆိုင်ရာကျောင်းအုပ်ကြီးများ၏ ထောက်ခံချက်ဖြင့် ပြည်နယ်၊တိုင်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များက ဦးစီးကျင်းပမည့် လက်တွေ့ရေးဆွဲယှဉ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရပါမည်။ ရေးဆွဲမည့်စက္ကူ ယူလာရန်မလို၊ နှစ်သက်ရာဆေးကိုယူလာပြီး နှစ်သက်ရာရေးနည်းဖြင့် သရုပ်ဖော်ရေးဆွဲ၍ အောက်ခြေတွင် လက်မှတ်ရေးထိုးရမည်။

(၇) **ဓာတ်ပုံ**ပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာထားရှိ၍ ပြိုင်ပွဲဝင်တစ်ဦးလျှင် (၁၀ X ၁၄)လက်မအရွယ် ဆေးရောင်စုံဓာတ်ပုံ လေးပုံအထိ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ မည်သည့်ကင်မရာအမျိုးအစားနှင့်မဆို ရိုက်ကူးယှဉ်ပြိုင်နိုင်သည်။ သို့ရာတွင် ဒီဂျစ်တယ်စနစ်ဖြင့် ပြုပြင်ထားခြင်းမပြုရ၊ နဂိုတစ်(သို့)စလိုက်(သို့)ဒီဂျစ်တယ်ပုံဖြစ်ပါက Ex ip data အပြည့်အစုံပါသော Original Raw File (သို့) 300 dpi Resolution ရှိ (၁၀X၁၄) လက်မအရွယ် TIFF File CD-R အဖြစ်ထည့်သွင်း၍ ပေးပို့ရန်နှင့် မိမိကိုယ်တိုင်ရိုက်ကူးထားသော ပုံဖြစ်ရမည်။ အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသော ပုံမဖြစ်စေရ၊ ပြိုင်ပွဲဝင်တစ်ဦးလျှင် ဆုကြီးတစ်ဆုနှင့် အထူးဆု နှစ်ဆုအထိသာ ခံစားခွင့်ရှိသည်။

(မှတ်ချက်) ပြိုင်ပွဲဝင်ဓာတ်ပုံများ၏ နောက်ကျောတွင် ဓာတ်ပုံပညာရှင်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ မိမိကိုယ်တိုင် ရိုက်ကူးပြီး ဆုမရရှိဘူးသေးကြောင်း ဝန်ခံချက်အား ဓာတ်ပုံတစ်ပုံချင်း၏ နောက်ကျောတွင် ရေးသားလက်မှတ်ရေးထိုး၍ ပတ်စပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအကျဉ်းတို့အား ပူးတွဲလျက်ပေးပို့ရမည်။

(၈) ကွန်ပျူတာ ပန်းချီပြိုင်ပွဲကို ပြည်နယ်၊ တိုင်းအလိုက် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်ဟူ၍ နှစ်ဆင့်ခွဲ၍ ကျင်းပပြုလုပ်ရမည်ဖြစ်ပြီး အထက်တန်းအဆင့်အတွက် (၈၊ ၉၊ ၁၀)တန်း ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အလယ်တန်းအဆင့်အတွက် ပဉ္စမတန်း၊ဆဋ္ဌမတန်း၊ သတ္တမတန်းကျောင်းသူ၊ ကျောင်းသားများ ပါဝင်ယှဉ်ပြိုင်နိုင်၍ အောက်ပါ စည်းကမ်းချက်များအတိုင်း ဆောင်ရွက်ရန် ဖြစ်ပါသည်။

(က) ကွန်ပျူတာပန်းချီပြိုင်ပွဲကို IBM ကွန်ပျူတာအမျိုးအစားဖြင့် ရေးဆွဲရန်၊ (Software Programme ကို Corel-draw photoshop Claris office ကြိုက်ရာ တစ်မျိုးမျိုးဖြင့် ရေးဆွဲနိုင်ပါသည်။)

(ခ) ရေးဆွဲချိန်နှစ်နာရီ သတ်မှတ်ရန်၊

(ဂ) လေဆာဓာတ်ပြား CD ဖြင့် ကူးယူ၍ ပြိုင်ပွဲဝင်ပုံစံနှင့်အတူ ပြည်နယ်၊ တိုင်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှတစ်ဆင့် ထောက်ခံချက်ဖြင့် မူးယစ်ဗဟိုရုံးသို့ ပေးပို့ရမည်။

(၉) ကွန်ပျူတာ ဒီဂျစ်တယ် ပိုစတာပြိုင်ပွဲအား ပြည်နယ်၊ တိုင်းများတွင် အသက် ၁၅နှစ်အထက် အလွတ်တန်း တစ်တန်းတည်း ပြိုင်ပွဲဝင် တစ်ဦးလျှင် တစ်ပုံသာ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ကွန်ပျူတာ ဒီဂျစ်တယ် ပိုစတာပြိုင်ပွဲဝင် CD များအား ပြိုင်ပွဲဝင်ပုံစံနှင့်အတူ ပြည်နယ်၊ တိုင်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှ တစ်ဆင့် ထောက်ခံချက်ဖြင့် ဒုတိယရဲမှူးကြီးထွန်းဝေ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်၊ ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်၊ ကမာရွတ်မြို့နယ် ရန်ကုန်မြို့သို့ ပေးပို့ရပါမည်။

(၁၀) ဝတ္ထုတို၊ဆောင်းပါး၊တေးသီချင်း၊ကဗျာပြိုင်ပွဲတို့တွင် ပြိုင်ပွဲဝင်တစ်ဦးလျှင် စာမူတစ်စောင်သာ တင်သွင်းနိုင်ပြီး ကာတွန်း၊ ပန်းချီ၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာပြိုင်ပွဲများတွင်လည်း ပြိုင်ပွဲဝင် တစ်ဦးလျှင် တစ်ပုံသာပေးပို့ယှဉ်ပြိုင်ခွင့်ရှိသည်။

(၁၁) ဝတ္ထုတို၊ ဆောင်းပါး၊ တေးသီချင်း၊ ကဗျာ၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာပြိုင်ပွဲဝင်များအနေဖြင့် ပတ်စပို့အရွယ် ဓာတ်ပုံ(၂)ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ အမျိုးသားမှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအကျဉ်းချုပ်၊ မိမိကိုယ်တိုင်ရေးဆွဲခြင်းဖြစ်ကြောင်း မည်သည့်စာစောင်တွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်း ဝန်ခံချက် စသည်တို့ကို ပူးတွဲပေးပို့ရမည်။

(၁၂) ကာတွန်း၊ ပန်းချီ၊ ပိုစတာ ကွန်ပျူတာပန်းချီပြိုင်ပွဲအတွက် ပြည်နယ်၊ တိုင်းများမှ ဝင်ရောက်ယှဉ်ပြိုင်သူများသည် သက်ဆိုင်ရာ ပြည်နယ်၊တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှ ကြီးမှူးကျင်းပသည့်ပြည်နယ်၊ တိုင်းအလိုက် ပြိုင်ပွဲများမှတစ်ဆင့် ဝင်ရောက်ယှဉ်ပြိုင်ကြရမည်။ ပြည်နယ်၊ တိုင်းများ အနေဖြင့် သင့်လျော်သည့်နေ့ရက်သတ်မှတ်ပြီး ကျင်းပကြရမည်။

(၁၃) ပြိုင်ပွဲဝင် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာစာမူများ၊ တေးသီချင်းများနှင့် ဓာတ်ပုံများကို ဒုတိယရဲမှူးကြီးထွန်းဝေ၊ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်၊ ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်၊ ကမာရွတ်မြို့နယ် ရန်ကုန်မြို့သို့လိပ်မူ၍ ပြိုင်ပွဲအလိုက် သတ်မှတ်နေ့ရက်များအရောက် တိုက်ရိုက်ပေးပို့ရမည်။ ပြိုင်ပွဲဝင် ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ကွန်ပျူတာပိုစတာလက်ရာများကို သက်ဆိုင်ရာ ပြည်နယ်၊တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှတစ်ဆင့် ထောက်ခံချက်ဖြင့် အထက်ပါလိပ်စာအတိုင်း သတ်မှတ်နေ့ရက်အရောက်ပေးပို့ရမည်။

(၁၄) ပြိုင်ပွဲဝင်စာမူနှင့်လက်ရာများအား မူးယစ်ဗဟိုရုံးသို့ နောက်ဆုံးထား၍ အရောက်ပေးပို့ရမည့် နေ့ရက်သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) ဝတ္ထုတို၊ ဆောင်းပါး၊ကဗျာ — ၂၀-၅-၂၀၀၇ ရက်အရောက်

(ခ) ပန်းချီ၊ကာတွန်း၊ပိုစတာ၊ဓာတ်ပုံ၊ ကွန်ပျူတာပန်းချီ၊ကွန်ပျူတာပိုစတာ — ၂၅-၅-၂၀၀၇ ရက်အရောက်

(ဂ) တေးသီချင်း — ၂၂-၅-၂၀၀၇ ရက်အရောက်

(၁၅) စာမူတေးသီချင်း လက်ရာများကို ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆု များအဖြစ် ရွေးချယ်မည်ဖြစ်ပြီး ရွေးချယ်ခြင်းခံရသော စာမူနှင့် လက်ရာများကို ၂၀၀၇ခုနှစ် ဇွန်လ ၁၈ရက်နေ့တွင် ကြေညာ၍ ပထမ၊ ဒုတိယနှင့်တတိယ ဆုရသူများကို မူးယစ်ဗဟိုသို့ ဖိတ်ခေါ်ပြီး ၂၀၀၇ခုနှစ် ဇွန်လ ၂၆ရက်နေ့တွင် အခမ်းအနားဖြင့် ဆုချီးမြှင့်မည်ဖြစ်ပါသည်။ အထူးဆုရရှိသူများအား သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းများမှကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားများတွင် ဆုချီးမြှင့်မည်ဖြစ်ပါသည်။

(၁၆) ရွေးချယ်ခြင်းမခံရသော စာမူများ၊ လက်ရာများ၊ တေးသီချင်းများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

(၁၇) **မှတ်ချက်**။ ။ မူးယစ်ဆေးဝါးထုတ်လုပ်သုံးစွဲမှု ပပျောက်ရေးကို ဦးတည် ချက်ဆောင်ပုဒ်များ သတ်မှတ်ထားသော်လည်း မူးယစ်ဆေးဝါးပပျောက် ရေးကို ဦးတည်သည့် မည်သည့်သီကုံးရေးဆွဲ ရိုက်ကူးမှုကိုမဆို လွတ်လပ်စွာ ပြုလုပ်နိုင်ကြပါသည်။ **(သတင်းစဉ်)**

ကားရောင်းမည်

CNG ဖိုးအကျေ
အခွန်အကျေ လိုင်စင်အသစ်
Canter -လိုင်းကား
**ဖုန်း-၀၉-၅၀၀၇၂၂၇
၀၉-၅၁၃၁၆၄၆။**

တိုက်/ခြံ ရောင်းမည်

မြေဧရိယာ (၀ ဒသမ ၁၄၃)ဧက ဘန်ဂလိုပုံစံ နှစ်ထပ်တိုက်၊ မီတာ တပ်ဆင်ပြီး၊ ရေ၊ မီးအစုံ နှစ်(၃၀) ဂရန်ကျပြီး၊ ဗျတ္တပန်းဆက်လမ်းဆုံအနီး၊ ပုပ္ပားမြို့။

**ဆက်သွယ်ရန်-
ဦးဌေးဝင်း ဖုန်း-၀၆၁-၅၀၅၈၂
ကျောက်ပန်းတောင်းမြို့။**

ချိပ်ပိတ်တင်ဒါ ခေါ်ယူခြင်း

၁။ မြန်မာ့စားသောက်ကုန်လုပ်ငန်းလက်အောက်ရှိ ဇေယျဝတီသကြားစက်ရုံအတွက် အောက်ဖော်ပြပါ စက်အရန်ပစ္စည်းများ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါပေးသွင်းရန် ကြော်ငြာအပ်ပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါပိတ်ရက်နှင့်အချိန်
(က)	46 (T)	Ball Bearing	28 Items	၂၇-၄-၂၀၀၇ ၁၆း၀၀ နာရီ
(ခ)	48 (T)	Bolt & Nut	18 Items	॥
(ဂ)	50 (T)	M.S Plate	□□6 Items	॥
(ဃ)	52 (T)	M.S Shaft	11 Items	॥
(င)	54 (T)	M.S Pipe	10 Items	॥
(စ)	56 (T)	Welding Electrode	□□7 Items	॥
(ဆ)	58 (T)	Packing	11 Items	॥

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် ၁၂-၃-၂၀၀၇ ရက်နေ့မှစ၍ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**အမှတ်(၁) စက်မှုဝန်ကြီးဌာန
မြန်မာ့စားသောက်ကုန်လုပ်ငန်း (ရောင်းဝယ်ရေးဌာန)
- ရုံးအမှတ် ၃၇၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၂၇၆
- အမှတ် ၁၉၂၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၆၁၀၅၄။**

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့စားသောက်ကုန်လုပ်ငန်း လက်အောက်ရှိ ဇေယျဝတီသကြားစက်ရုံအတွက် အောက်ဖော်ပြပါ စက်အရန်ပစ္စည်းများ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါပေးသွင်းရန် ကြော်ငြာအပ်ပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါပိတ်ရက်နှင့်အချိန်
၁။	60(T)	စက်မှုစက်အရန်ပစ္စည်း	၅၀မျိုး	၂၇-၄-၂၀၀၇(၁၆း၀၀)နာရီ
၂။	62(T)	လျှပ်စစ်စက်အရန်ပစ္စည်း	၃၆မျိုး	॥

၂။ တင်ဒါပုံစံနှင့်အသေးစိတ် အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် ၁၂-၃-၂၀၀၇ ရက်မှစ၍ လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**အမှတ်(၁)စက်မှုဝန်ကြီးဌာန
မြန်မာ့စားသောက်ကုန်လုပ်ငန်း(ရောင်းဝယ်ရေးဌာန)
- ရုံးအမှတ် ၃၇၊ နေပြည်တော်၊ ဖုန်း- ၀၆၇-၄၀၈၂၇၆
- အမှတ် ၁၉၂၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့၊ ဖုန်း- ၀၁-၅၆၁၀၅၄။**

**မမင်းမင်းဟန်
[၁၂/ဗဟန(နိုင်)၀၀၁၂၉၉]နှင့်**

အများသိစေရန်ကြေညာချက်

ကျွန်ုပ်ဦးသိန်းဟန်[၁၂/ဗဟန(နိုင်)၀၂၂၀၃၅]သည် မမင်းမင်းဟန် တစ်နှစ်မပြည့်မီကပင် ခေါ်ယူစောင့်ရှောက်ခဲ့သော်လည်း ဆိုဆုံးမမှုကို မခံယူဘဲ ၎င်း၏ဆန္ဒအလျောက် အိမ်မှအကြိမ်ကြိမ် ထွက်သွားခဲ့ပြီး ယခု ၁၀-၂-၂၀၀၇ရက်တွင်လည်း ၎င်း၏ ဆန္ဒအလျောက် အိမ်မှထွက်သွားခဲ့ပါသည်။

သို့ပါ၍ မမင်းမင်းဟန်၏ ဆောင်ရွက်ချက်များနှင့်တကွ ငွေရေးကြေးရေးအပါအဝင် မည်သည့်ကိစ္စတွင်မဆို ကျွန်ုပ်ဦးသိန်းဟန်အနေဖြင့် လုံးဝ(လုံးဝ)တာဝန်မရှိပါကြောင်း ကြေညာအပ်ပါသည်။

ဦးသိန်းဟန်။

**တပ်မြို့စည်ပင်သာယာရေးအဖွဲ့ရုံး-ရန်ကုန်
၂၀၀၇-၂၀၀၈ ခုနှစ် အတွက်လိုင်စင်များ**

လေလံကြော်ငြာ

၁။ ရန်ကုန်တပ်မြို့ စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇ခုနှစ် ဧပြီလ(၁)ရက်နေ့မှ ၂၀၀၈ ခုနှစ် မတ်လ(၃၁)ရက်နေ့အထိ ကာလအပိုင်းအခြားအတွက် ရန်ကုန်တပ်မြို့ဈေး အောက်ဖော်ပြပါ အခွင့်အရေး လိုင်စင်များလေလံအား ၂၀၀၇ ခုနှစ် မတ်လ ၂၉ ရက်နေ့ ၁၃း၀၀ နာရီအချိန် ရန်ကုန်တပ်မြို့ဈေးရုံးခန်းတွင် လေလံပစ် မည်ဖြစ်ပါ၍ နိုင်ငံခြားသားများမှအပ ယှဉ်တွဲဖော်ပြပါ စပေါ်ငွေ များတင်သွင်း၍ မည်သူမဆိုလာရောက် လေလံဝယ်ဆွဲနိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

စဉ်	လိုင်စဉ်အမည်	စပေါ်ငွေ
(က)	နေ့စဉ်ဈေးကောက်	၈၁၀၀၀ိ/-
(ခ)	အိမ်သာခကောက်ခံခွင့်	၉၁၀၀၀ိ/-

၂။ လေလံစည်းကမ်းချက်များနှင့် အသေးစိတ်အခြေအနေများ သိရှိလိုပါက ရန်ကုန်တပ်မြို့ စည်ပင်သာယာရေးအဖွဲ့ရုံးနှင့်၊ ရန်ကုန်တပ်မြို့ဈေး(ဖဆပလ)သို့ ရုံးချိန်အတွင်းလာရောက် မေးမြန်း စုံစမ်းနိုင်ပါသည်။

**အတွင်းရေးမှူး
တပ်မြို့စည်ပင်သာယာရေးအဖွဲ့၊
ရန်ကုန်။
ဖုန်း-၆၅၁၈၅၈။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မဆ/၂၉၆၂ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းထွန်းခမ်း မှတ်ပုံတင်အမှတ် ၁၃/မဆတ(နိုင်)၀၃၁၉၉၁က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး၊မူဆယ်မြို့။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၁၄၀၄၆၊၁ယ/၂၇၄၈၃ Honda C-90 ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းစံညွန့် မှတ်ပုံတင်အမှတ် ၁၃/မဆတ(နိုင်)၀၃၄၆၈၁ နှင့်ယာဉ်အမှတ် ၁ယ/၁၆၀၁၈၊၁ယ/၅၄၈၇၇၊ ၁ယ/၁၆၀၅၃ ဟွန်ဒါ C-90 ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းသန်းမောင်မှတ်ပုံတင်အမှတ် ၁၃/မဆတ(နိုင်) ၀၃၄၇၂၉ တို့က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး
မူဆယ်မြို့။**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာကျူမာလီ၊ ဆိုင်ညဆွန်တွေ့ဆုံနှုတ်ဆက်

နေပြည်တော် မတ် ၂၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာကျူမာလီ၊ ဆိုင်ညဆွန်သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

တက်ရောက်

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးညွန့်လှိုင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန *စာမျက်နှာ ၃ ကော်လံ ၁* ✻

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာကျူမာလီ၊ ဆိုင်ညဆွန်အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာကျူမာလီ၊ ဆိုင်ညဆွန်အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း (၆၂) နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကြော်ငြာ

တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်

ဦးဆောင်တပ်မတော် ပုံဖော်ထုဆစ်နိုင်ငံသစ်

တပ်မတော်သည် နိုင်ငံတော်အား ရန်သတ္တရုပြုလာကြသော လက်နက်ကိုင် သောင်းကျန်းသူများကိုစစ်ရေးစွမ်းရည်ထက်ထက်ဖြင့် ရင်ဆိုင်အောင်ပန်းဆွတ်လှမ်းပြီးသော ကာလမှစ၍ နိုင်ငံတော်သစ်ကို ထုဆစ်ပုံဖော်ရန် စတင်ခဲ့။

ရတနာစည်ဆရာတော်(လှိုင်လင်)၏ ဆောင်းပါး (စာ-၄-၅)

သမိုင်းထဲက တပ်မတော်

ဟသ်ာတမြင့်ဌေး၏ ကဗျာ (စာ-၅)

အမျိုးသား နိုင်ငံရေး

မင်းဦး(ဒဿန)၏ ကာတွန်း (စာ-၅)

(၆၂)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ် တကယ့်အဖြစ်အပျက်ကို အခြေခံရိုက်ကူးထားသည့်"အပေတူသား"ရုပ်မြင်သံကြားဇာတ်လမ်းထုတ်လွှင့်မည်

ဒီရုပ်မြင်သံကြားဇာတ်လမ်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ နိုင်ငံတော်ကာကွယ်ရေးအတွက် တပ်မတော် ကြည်း၊ ရေ၊ လေနဲ့ လက်ရုံးတပ်ဖွဲ့တွေ၊ အရန်အင်အားတွေနဲ့ ပြည်သူလူထု ပူးပေါင်းပြီး ပေါင်းစည်းမှုအားနဲ့ အောင်ပွဲရရှိခဲ့တာကို ပြသတဲ့ဇာတ်လမ်းပါ။

မောင်မောင်မြင့်ဆွေ၏ သတင်းဆောင်းပါး (စာ-၁၀)